# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၂၆) ရက်မြောက်နေ့ မှတ်တမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | ထူးချွန်ထက်မြက်ပြီး အောင်မြင်သော ဘွဲ့ရကျောင်းသားကျောင်းသူများကို နိုင်ငံခြားသို့ ပညာတော်သင် စေလွှတ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ၅၆ ရပ်ကွက်နှင့် ၇၀ ရပ်ကွက်ကြား မြေနေရာတွင် မီးသတ် စခန်းခွဲ(၁)ခု၊ စက်မှုဇုန်(၁)၊ (၂)၊ (၃) အတွင်းရှိ သင့်လျော်သောမြေနေရာတွင် မီးသတ်စခန်းခွဲ(၁)ခု ခွင့်ပြုချထားပေးရန်နှင့် မြို့နယ်မီးသတ်စခန်းအတွင်းရှိ ဟောင်းနွမ်းနေသော ဝန်ထမ်းအိမ်ရာများကို အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | ရသေ့တောင်မြို့နယ်ရှိ ရဲနယ်မြေငါးခုအနက် မေယုမြစ်အနောက်ဘက်ခြမ်းတွင်ရှိသော စေတီပြင် နယ်မြေနှင့် လောင်ချောင်းနယ်မြေကို နယ်ခြားစောင့်ရဲတပ်ဖွဲ့တာဝန်ယူစေပြီး မေယုမြစ်အရှေ့ဘက် ခြမ်းတွင် မြို့မရဲစခန်းအပိုင်နယ်မြေနှင့် တစ်ဆက်တစ်စပ်တည်းရှိသော မြို့မနယ်မြေ၊ ကူတောင်နယ်ခြားစောင့်နယ်မြေ၊ ကျောက်တန်းနယ်ခြားစောင့်နယ်မြေတို့ကို မြို့နယ်ရဲတပ်ဖွဲ့အား တာဝန်ယူ ဆောင်ရွက်စေရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၈ | မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး မွေးမြူရေးလုပ်ကိုင်သူများအတွက် မွေးမြူရေးမြေနေရာကို တရားဝင်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၉ | ကျိုင်းတုံမြို့နယ်၊ လွယ်မွေကျေးရွာအုပ်စု၊ ပန်ဝိုင်ရွာတည်ရှိရာမြေကို နှစ်ခြင်းခရစ်ယာန် သာသနာ နယ်မြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |

၁၀ နမ္မတူမြို့နယ်၊ နမ့်မျှော်ကျေးရွာအုပ်စု၊ မန်မိုင်လွိုင်ငင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချမှတ်ဆောင်ရွက်ခဲ့သော (၇၉၀၁၀)ပေ ရေပိုက်၊ ရေကန်နှင့် ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းသည် ဘဏ္ဍာရေးနှစ်ကျော်လွန်သည်အထိ လုပ်ငန်းပြီးစီးမှုမရှိသည့်အတွက် မည်သို့ဆက်လက်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၁

၁၁ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ ပဉ္စမပုံမှန် အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ပြန်လည် ဖြေကြားချက်များ အပေါ် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အစီရင်ခံစာ (၁/၂၀၁၈) ၂၇

၁၂ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိ ကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း ၃၁

၁၃ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ၃၇

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း ၆၇

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# (၂၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၉-၃-၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **ထူးချွန်ထက်မြက်ပြီး အောင်မြင်သော ဘွဲ့ရကျောင်းသား၊ ကျောင်းသူများကို နိုင်ငံခြားသို့ ပညာတော်သင် စေလွှတ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအေးနိုင်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် ၅၆ ရပ်ကွက်နှင့် ၇၀ ရပ်ကွက်ကြား မြေနေရာတွင် မီးသတ်စခန်းခွဲ(၁)ခု၊ စက်မှုဇုန် (၁)၊ (၂)၊ (၃)အတွင်းရှိ သင့်လျော်သော မြေနေရာတွင် မီးသတ်စခန်းခွဲ(၁)ခု ခွင့်ပြုချထားပေးရန်နှင့် မြို့နယ်မီးသတ်စခန်းအတွင်းရှိ ဟောင်းနွမ်းနေသော ဝန်ထမ်းအိမ်ရာများကို အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်ရှိ ရဲနယ်မြေ (၅)ခု အနက် မေယုမြစ် အနောက်ဘက်ခြမ်းတွင်ရှိသော စေတီပြင်နယ်မြေနှင့် လောင်ချောင်းနယ်မြေကို နယ်ခြားစောင့်ရဲတပ်ဖွဲ့ တာဝန်ယူစေပြီး မေယုမြစ်အရှေ့ဘက်ခြမ်းတွင် မြို့မရဲစခန်းအပိုင်နယ်မြေနှင့် တစ်ဆက်တစ်စပ်တည်းရှိသော မြို့မနယ်မြေ၊ ကူတောင်နယ်ခြားစောင့်နယ်မြေ၊ ကျောက်တန်း နယ်ခြားစောင့်နယ်မြေတို့ကို မြို့နယ်ရဲတပ်ဖွဲ့အား တာဝန်ယူ ဆောင်ရွက်စေရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် မွေးမြူရေးလုပ်ကိုင်သူများအတွက် မွေးမြူရေးမြေနေရာကို တရားဝင်ခွင့်ပြုပေးနိုင်ခြင်းရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **ကျိုင်းတုံမြို့နယ်၊ လွယ်မွေကျေးရွာအုပ်စု၊ ပန်ဝိုင်ရွာတည်ရှိရာ မြေကို နှစ်ခြင်းခရစ်ယာန် သာသနာနယ်မြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **နမ္မတူမြို့နယ်၊ နမ့်မျှော်ကျေးရွာအုပ်စု၊ မန်မိုင်လွိုင်ငင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် ချမှတ်ဆောင်ရွက်ခဲ့သော (၇၉၀၀)ပေ ရေပိုက်၊ ရေကန်နှင့် ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းသည် ဘဏ္ဍာရေးနှစ်ကျော်လွန်သည်အထိ လုပ်ငန်းပြီးစီးမှုမရှိသည့်အတွက် မည်သို့ဆက်လက်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက **"လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၁၀။ **"လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တင်သွင်းသည့် **"လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
**(၂၆)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်)**
**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၇၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြား သူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန် ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊
(၂) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊
(၃) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၁ ရက်၊
(၄) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊
(၅) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊
(၆) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး ခွင့် ၁ ရက်၊
(၇) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊
(၈) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၁ ရက်၊
(၉) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၁ ရက်၊
(၁၀) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၁ ရက်၊
(၁၁) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်၊
(၁၂) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၁ ရက်၊
(၁၃) ဒဂုံမြို့သစ်(မြောက်ပိုင်း) ဒေါက်တာခင်မောင်မောင် မဲဆန္ဒနယ်မှ ခွင့် ၁ ရက်၊
(၁၄) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊
(၁၅) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊
(၁၆) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်၊
(၁၇) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊
(၁၈) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၁ ရက်၊

(၁၉) အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၁ ရက်၊
(၂၀) သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊
(၂၁) အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း ခွင့် ၁ ရက်၊
(၂၂) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၂၃) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊
(၂၄) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၁ ရက်၊
(၂၅) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၁ ရက်၊
(၂၆) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၁ ရက်၊
(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းအောင် ခွင့် ၁ ရက်၊
(၂၈) ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၁ ရက်နှင့်
(၂၉) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ထူးချွန်ထက်မြက်ပြီး အောင်မြင်သော ဘွဲ့ရကျောင်းသားကျောင်းသူများကို နိုင်ငံခြားသို့ ပညာတော်သင် စေလွှတ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပါတယ်။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ခြင်းသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လူ့စွမ်းအားအရင်းအမြစ်ကို စနစ်တကျစီမံခန့်ခွဲနိုင်ဖို့လည်း လိုပါတယ်။ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲတဲ့နေရာမှာ လုပ်ငန်းသဘာဝနှင့်ကိုက်ညီသော လူမှန်၊ နေရာမှန် ရွေးချယ်ခန့်ထားနိုင်ဖို့လည်း လိုပါတယ်။ ဘာကြောင့်လဲဆိုရင် အဖွဲ့အစည်းတစ်ခုမှချမှတ်ထားတဲ့ စီမံချက်တွေ၊ စီမံကိန်းတွေအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ဝန်ထမ်းများအပေါ် မူတည် နေတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ တက္ကသိုလ်ပေါင်းစုံမှ ထူးချွန် ထက်မြက်တဲ့ ဘွဲ့ရကျောင်းသားကျောင်းသူများကို နှစ်စဉ်မွေးထုတ်ပေးနေတာကို တွေ့ရပါတယ်။ ကျောင်းပြီးသွားပြီး အလုပ်ကလည်း အဆင်သင့်မရ ဆက်ပြီး ပညာရှာမှီးမယ်ဆိုတော့လည်း ငွေကုန် လူပမ်းဖြစ်နေတာတွေ အများကြီးပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အနည်းငယ်အသုံးပြုခွင့် ပေးပါရန် ပန်ကြားအပ်ပါတယ်။ ဒါကတော့ မကွေးနည်းပညာတက္ကသိုလ်မှ B.E(Electrical Power)နဲ့ ဘွဲ့ရတဲ့ကျောင်းသူတစ်ဦးဖြစ်ပါတယ်။ ဒါကတော့ အခုနက ဘွဲ့ရကျောင်းသူတစ်ဦးရဲ့ ရမှတ်စာရင်းတွေ ဖြစ်ပါတယ်။ ဒီအမှတ်စာရင်းကိုကြည့်မယ်ဆိုလို့ရှိရင် ရှစ်ဘာသာမှာ အင်္ဂလိပ်စာ တစ်ဘာသာပဲ ဂုဏ်ထူးမထွက်တာကို တွေ့ရပါတယ်။ ကျန်တဲ့ဘာသာ ခုနစ်ဘာသာလုံး ဂုဏ်ထူးထွက်နေတာကို တွေ့ရပါတယ်။ ဒီလိုထူးချွန်ပြီး အောင်မြင်တဲ့ကျောင်းသားကျောင်းသူတွေ တက္ကသိုလ်ပေါင်းစုံမှာ နှစ်စဉ်ပေါ်ထွက်နေတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာကလည်း ဆက်မသင်နိုင်၊ အလုပ် ကလည်း အလွယ်မရ နောက်ဆုံး အဲဒီကျောင်းသူဟာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဆီလာပြီး အလုပ်လာလျှောက်တာကိုတွေ့ရပါတယ်။ နေ့စားအလုပ်ပဲရရဆိုတော့ ဝန်ကြီးချုပ်က Lecturer တွေ၊ Tutor တွေ မလုပ်ဘူးလား။ ဘာလို့မလုပ်တာလဲမေးတော့ မခေါ်လို့ပါလို့ ပြောပါတယ်။ အဲဒီလိုပဲ Master နဲ့ Honours တွေနဲ့ ကျောင်းပြီးတဲ့ဘွဲ့ရတွေ၊ ကျောင်းသားကျောင်းသူတွေ ကျောင်းဆရာ ဆရာမတွေ ဝင်လျှောက်နေတာကို တွေ့ရပါတယ်။ ဒီလိုအချိန်မှာပဲ မကွေးနည်းပညာတက္ကသိုလ်က မြို့ပြအင်ဂျင်နီယာနဲ့ပြီးတဲ့ အတော်ဆုံးကျောင်းသားတစ်ယောက်ကို နှစ်စဉ်တစ်နှစ်တစ်ယောက် ဂျပန်နိုင်ငံ ဖူဂျီကုမ္ပဏီမှအလုပ်ပေးတာကို တွေ့ရပါတယ်။ အလားတူပဲ မန္တလေးကွန်ပျူတာတက္ကသိုလ် မှာ အထူးပြုကွန်ပျူတာနဲ့ ပညာသင်ဆဲဖြစ်တဲ့ ကျောင်းသားကျောင်းသူ ၅ ယောက်ကိုလည်း ဂျပန်ယမ်း

၁၉၀၀၀၀ နဲ့ အလုပ်ခေါ်တာမျိုးတွေ၊ ရေကြောင်းတက္ကသိုလ်မှ ကျောင်းသားကျောင်းသူတွေကို၊ ဂျပန်နိုင်ငံမှ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနေတာတွေကို တွေ့ရပါတယ်။ ဒါတွေဟာ အမှန်တကယ်ကျွန်တော်တို့ တိုင်းပြည်အတွက် ဦးနှောက်ယိုစီးတာ၊ ဦးနှောက်ဖောက်စားခံရတာတွေပါ။ ဒီလိုထူးချွန်ထက်မြက်တဲ့ တက္ကသိုလ်ပေါင်းစုံမှ ဘွဲ့ရကျောင်းသားကျောင်းသူတွေကို နိုင်ငံတော်အစိုးရမှ နိုင်ငံတကာကို ပညာတော်သင်စေလွှတ်မယ်။ ပြီးလို့ရှိရင် မိမိတိုင်းပြည်မှာ၊ တက္ကသိုလ်တွေမှာ၊ ကောလိပ်တွေမှာ ပြန်ပြီးတော့ ပညာတွေပို့ချခိုင်းမယ်။ ဌာနဆိုင်ရာတွေ၊ လုပ်ငန်းခွင်တွေမှာ အလုပ်တွေခန့်ထားပေးမယ်ဆိုလို့ရှိရင် တိုင်းပြည်အတွက် အင်မတန်အကျိုးကြီးမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ထူးချွန်ထက်မြက်ပြီး အောင်မြင်သောဘွဲ့ရကျောင်းသားကျောင်းသူများကို နိုင်ငံခြားသို့ ပညာတော်သင်စေလွှတ်ရန် အစီအစဉ်ရှိ/မရှိနှင့် ထူးချွန်ထက်မြက်ပြီး အောင်မြင်သောဘွဲ့ရကျောင်းသားကျောင်းသူများကို ၎င်းတို့နှင့် သင့်လျော်ကိုက်ညီသောအလုပ်များ ခန့်ထားတာဝန်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းသိမ်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက ထူးချွန်ထက်မြက်ပြီး အောင်မြင်သောဘွဲ့ရကျောင်းသားကျောင်းသူများကို နိုင်ငံခြားသို့ ပညာတော်သင်စေလွှတ်ရန် အစီအစဉ်ရှိ/မရှိနှင့် ၎င်းတို့နှင့်သင့်လျော်ကိုက်ညီသောအလုပ်များ ခန့်အပ်တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းလာပါသဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့တဲ့ ပထမအချက်ဖြစ်သော ထူးချွန်ထက်မြက်ပြီး အောင်မြင်သောဘွဲ့ရကျောင်းသားကျောင်းသူများကို နိုင်ငံခြားသို့ ပညာတော်သင်စေလွှတ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ ပညာရေးကဏ္ဍကို အဓိကတာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘွဲ့လွန်သင်တန်းတက်ရောက်နေသော ဘွဲ့ရကျောင်းသားကျောင်းသူများအား နိုင်ငံခြားသို့ ပညာတော်သင်စေလွှတ်မှုနှင့်ပတ်သက်၍ တက္ကသိုလ်အချင်းချင်းချိတ်ဆက်၍ဆောင်ရွက်သည့် ပညာသင်ဆုအစီအစဉ်များသို့ သက်ဆိုင်ရာတက္ကသိုလ်များ၏ ကမ်းလှမ်းစာပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ကျောင်းသားကျောင်းသူများကို သက်ဆိုင်ရာဘာသာရပ်နှင့် အင်္ဂလိပ်စာဘာသာရပ်များအား ရေးဖြေနှင့်နှုတ်ဖြေစစ်ဆေး၍ အမည်စာရင်းအဆိုပြုလျှောက်ထားစေပြီး သက်ဆိုင်ရာတက္ကသိုလ်မှ လက်ခံစာရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ

စေလွှတ်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီမှ ဦးရေကန့်သတ်မှုမရှိဘဲ ဘာသာရပ်နယ်ပယ် ကျယ်ပြန့်စွာကမ်းလှမ်းလာသည့်ပညာသင်ဆုများကို လွတ်လပ်စွာလျှောက်ထားနိုင်ကြောင်း အကြောင်းကြားလာပါက သတင်းဖြန့်ဝေခြင်း(Information Drop)ပြုလုပ်၍ လျှောက်ထားစေပြီး သက်ဆိုင်ရာမှ လက်ခံစာရရှိပါက စေလွှတ်ပေးလျက်ရှိပါကြောင်း၊ Internet Website မှ ကမ်းလှမ်းလာသည့် ပညာသင်ဆုအစီအစဉ်များသို့ ပညာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် Online အသုံးပြုလျှောက်ထားပြီး လက်ခံစာရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ စေလွှတ်ပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူနေကြသော ထူးချွန်ကျောင်းသားကျောင်းသူများအတွက် အရည်အသွေးပြည့် ပညာသင်ယူနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး (ဥပမာ - ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့ကို Center of Excellence - COE များဖြစ်လာစေရန် အဆင့်မြှင့်တင်ခြင်း) ပြည်ပသို့သွားရောက်ပညာဆက်လက်သင်ယူလိုသူများအတွက်ကိုလည်း အခွင့်အလမ်းများ (ဥပမာ -ပညာရေးသံမှူးများ ခန့်အပ်တာဝန်ပေးခြင်း၊ နိုင်ငံတော်ပညာသင်ဆုရွေးချယ်ချီးမြှင့်ခြင်း)တို့ကို ဖန်တီးပေးလျက်ရှိပါကြောင်း ဖြေကြားချက်ပေးပို့လာပါတယ်။

ထို့အတူ စက်မှုဝန်ကြီးဌာနမှလည်း ယင်း၏ကွပ်ကဲမှုအောက်၌ရှိသော စက်မှုသင်တန်းကျောင်းခြောက်ကျောင်းမှ သင်တန်းဆင်းများ အလုပ်အကိုင်ရရှိစေရန် Myanmar Human Energy Co.,Ltd နှင့်ပူးပေါင်း၍ ဂျပန်ဘာသာစကားကျွမ်းကျင်မှုသင်တန်းကို အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် တစ်နှစ်ကြာသင်ကြားပေးပြီး သင်တန်းပြီးဆုံးပါက ထူးချွန်သောသင်တန်းသားများကို ဂျပန်နိုင်ငံသို့ အလုပ်သင်သင်တန်းသားများအဖြစ် သင်တန်းကာလ သုံးနှစ်စေလွှတ်လျက်ရှိပါသည်ဟု ဖြေကြားချက်များ ပေးပို့လာပါကြောင်းကို ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းဒုတိယအချက်ဖြစ်သည့် ၎င်းတို့နှင့် သင့်လျော်ကိုက်ညီသော အလုပ်များခန့်အပ်တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ အပိုင်းနှစ်ပိုင်းခွဲ၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမအပိုင်းအနေဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ နည်းဥပဒေ ၇၊ နည်းဥပဒေ ၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ရွေးချယ်ပေးနိုင်သော ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာများ လစ်လပ်မှုရှိသဖြင့် ပြင်ပပုဂ္ဂိုလ်အား ခန့်အပ်လိုကြောင်း ခန့်အပ်မည့်ရာထူးအတွက် လုပ်ငန်းသဘောသဘာဝများအပေါ် တည်မှီကာ ပညာအရည်အချင်းနှင့် အသက်သတ်မှတ်ချက်အပါအဝင် အခြားသောသတ်မှတ်ချက်များကိုထည့်သွင်းဖော်ပြ၍ အဆိုပြုလာမှုအပေါ် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ နည်းဥပဒေ ၉ မှ နည်းဥပဒေ ၁၈ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြော်ငြာခေါ်ယူပေးခြင်း၊ ပဏာမစစ်ဆေးခြင်း၊ ရေးဖြေစာမေးပွဲကျင်းပစစ်ဆေးခြင်း၊ စိတ်အခြေအနေစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ အဆင့်ဆင့်ဆောင်ရွက်ပြီးနောက် အဆိုပြုသည့် အရေအတွက်အတိုင်း ထူးချွန်ထက်မြက်သောသူများကို စိစစ်ရွေးချယ်ပေးလျက်ရှိပါတယ်။

ဒုတိယပိုင်းအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၅ တို့ပါပြဋ္ဌာန်းချက်များအရ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများက ပြင်ပပုဂ္ဂိုလ်များအား

စတင်ခန့်ထားနိုင်သည့်အမှုထမ်းအဆင့် စတင်ခန့်ရာထူးများကိုမူ ရာထူးလစ်လပ်မှုအပေါ် မူတည်၍ ခန့်ထားမည့်ရာထူးနှင့် အရည်အချင်းကိုက်ညီသူများအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ ယှဉ်ပြိုင်လျှောက်ထားစေပြီး အရည်အချင်းစစ် ရေးဖြေစာမေးပွဲ၊ လူတွေ့နှုတ်ဖြေစာမေးပွဲများကို ကျင်းပပြုလုပ်၍ အရည်အချင်းစစ်ဆေးရေးအဖွဲ့ဖြင့် စနစ်တကျရွေးချယ်ခန့်ထားပေးလျက်ရှိပါကြောင်း ဝန်ကြီးဌာနများမှ ဖြေကြားချက်များပေးပို့လာပါသဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပြီးတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ၅၆ ရပ်ကွက်နှင့် ၇၀ ရပ်ကွက်ကြား မြေနေရာတွင် မီးသတ်စခန်းခွဲ(၁)ခု၊ စက်မှုဇုန်(၁)၊ (၂)၊ (၃) အတွင်းရှိ သင့်လျော်သောမြေနေရာတွင် မီးသတ်စခန်းခွဲ(၁)ခု ခွင့်ပြုချထားပေးရန်နှင့် မြို့နယ်မီးသတ်စခန်းအတွင်းရှိ ဟောင်းနွမ်းနေသော ဝန်ထမ်းအိမ်ရာများကို အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည့်မေးခွန်းကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် (၅၆)ရပ်ကွက်နှင့် (၇၀)ရပ်ကွက်ကြားတွင် မီးသတ်စခန်းခွဲ(၁)ခု၊ စက်မှုဇုန်(၁)၊ (၂)၊ (၃) အတွင်းသင့်လျော်သည့် မြေနေရာတွင် မီးသတ်စခန်းခွဲ(၁)ခု ခွင့်ပြုချထားပေးရန်နှင့် မြို့နယ်မီးသတ်စခန်း ဝန်ထမ်းအိမ်ရာများကို အသစ်ပြန်လည်ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိမေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်ဟာ အရှေ့အနောက် သုံးမိုင်၊ တောင်မြောက် ၁၂ မိုင် ရှည်လျားပြီးတော့ စုစုပေါင်း စတုရန်းမိုင် ၃၀.၅၄၅ မိုင်ရှိပါတယ်။ ရပ်ကွက်ပေါင်း ၄၄ ရပ်ကွက်ဖော်ထုတ်ပြီးတော့ ၃၂ ရပ်ကွက်မှာ လူနေထိုင်မှု ၃၇၀၀၀၀ ရှိပါတယ်။ ထို့အပြင် စက်မှုဇုန်လေးဇုန်ရှိပြီးတော့ စက်မှုလက်မှုအလုပ်ရုံပေါင်းက ၁၃၆၈ ရုံခန့်ရှိသောမြို့နယ်လည်းဖြစ်ပါတယ်။ ယခုလက်ရှိအနေဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှာ ဝန်ထမ်းအင်အား ၂၄ ယောက်၊ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ အထောက်အကူပြုယာဉ်တစ်စီးဖြင့်လည်းကောင်း၊ လေးထောင့်ကန်မီးသတ်တပ်ဖွဲ့ခွဲသည် ဝန်ထမ်းအင်အား ခုနစ်ယောက်၊ မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့်လည်းကောင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးအတွက် ဆောင်ရွက်နေရပါသည်။ သို့သော် လူနေထူထပ်သောရပ်ကွက်များကို လွှမ်းခြုံပြီးသော်လည်းကောင်း၊ မကြာမီ

အဆင့်မြှင့်တင်တော့မည့် စက်ရုံ၊ အလုပ်ရုံများစွာအတွက်လည်းကောင်း၊ ပိုမိုပြည့်စုံသော မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နိုင်ရေးအတွက် တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။

ထို့အပြင် မီးသတ်ဝန်ထမ်းများအနေဖြင့်လည်း ၂၄ နာရီ မီးဘေးလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်နေကြရပြီး နေထိုင်ရမှုတွေတော့ မိသားစုများအနေဖြင့် အိမ်ထောင်သည် ၁၄ စုရှိသော်လည်း ဝန်ထမ်းအိမ်ရာ ကိုးခန်းသာရှိပြီး ဝန်ထမ်းအိမ်ရာများမှာလည်း ကျဉ်းမြောင်းဟောင်းနွမ်းနေပါတယ်။ ထို့ကြောင့် လူပျိုတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ၁၁ ဦးခန့်ရှိပြီးတော့ လူပျိုအဆောင်မရှိပါ။ ထို့ကြောင့် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ဝန်ထမ်းအိမ်ရာအသစ်များ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာ မြို့နယ်မီးသတ်ဦးစီးမှူးရုံး တစ်ရုံး၊ မြို့နယ်မီးသတ်စခန်း တစ်ခု၊ လေးထောင့်ကန်နှင့် အမှတ်(၇၀)ရပ်ကွက်တို့မှာ နယ်မြေမီးသတ်စခန်း နှစ်ခုတို့ကို ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပြီး အမှတ်(၇၀)ရပ်ကွက် နယ်မြေမီးသတ်စခန်းမပါ၊ ကျန်မီးသတ်စခန်းများဖွင့်လှစ်ပြီး တာဝန်များထမ်းဆောင်လျက်ရှိပါတယ်။ လက်ရှိဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် မီးသတ်ဦးစီးဌာနမှူးရုံးမှာ အင်အားနှစ်ဦး၊ မြို့နယ်မီးသတ်စခန်းမှာ ဒုတိယဦးစီးမှူးဦးစီးတဲ့ အင်အား ၂၄ ဦး၊ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေယာဉ် တစ်စီးနှင့် အထောက်အကူပြုယာဉ် တစ်စီး စုစုပေါင်း မီးသတ်ယာဉ်လေးစီးတို့နဲ့ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်မီးသတ်စခန်းမှာ ဝန်ထမ်းအိမ်ရာအသစ်ဆောက်လုပ်ရေးနဲ့ပတ်သက်ပြီးတော့ လက်ရှိစခန်းအတွင်း ဟောင်းနွမ်းနေတဲ့ ဝန်ထမ်းအိမ်ရာများကို အသစ်ဆောက်လုပ်နိုင်ရေးအတွက်ကို ခြောက်ခန်းတွဲသုံးထပ် ဝန်ထမ်းနေအိမ် တစ်လုံး စုစုပေါင်း အခန်း ၁၈ ခန်းပါတဲ့အဆောက်အဦတစ်ခုကို ဆောက်လုပ်ပေးဖို့အတွက်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ထဲမှာ လျာထားတင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၅၆)ရပ်ကွက်မှာတော့ အိမ်ခြေ ၂၈၅၁ လုံး၊ အိမ်ထောင်စု ၂၈၅၁ စု၊ လူဦးရေ ၁၄၀၆၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦးရှိပြီးတော့

၁၀ နှစ်အတွင်းမှာ မီးလောင်မှုမရှိကြောင်းတွေ့ရှိရပါတယ်။ အမှတ်(၇၀)ရပ်ကွက်ဟာ အိမ်ခြေ ၃၅၃၃ လုံး၊ အိမ်ထောင်စု ၃၈၅၀ စု၊ လူဦးရေ ၁၉၈၂၃ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦးရှိပြီးတော့ ၁၀ နှစ်ကာလအတွင်းမှာ မီးလောင်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ အမှတ်(၇၀) နှင့်အမှတ်(၅၆)ရပ်ကွက်ကြားမှာရှိတဲ့ လှော်ကားလမ်းနှင့် အနော်ရထားလမ်းထောင့်အနီးမှာရှိတဲ့ မြေဧရိယာ ၁.၀၃၃ ဧက မြေကွက်လပ်ကို အမှတ်(၇၀)ရပ်ကွက် နယ်မြေမီးသတ်စခန်းဆောက်လုပ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့တဲ့အခါမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကလည်း ခွင့်ပြုချက်ရရှိပြီးဖြစ်တဲ့အတွက် မီးသတ်ဦးစီးဌာနပိုင်အမည်ပေါက်ရရှိရေးလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် အမှတ်(၇၀) ရပ်ကွက်နယ်မြေမီးသတ်စခန်းအတွက်ကိုလည်း ခွင့်ပြုမိန့်ရရှိပြီးဖြစ်တဲ့အတွက် စခန်းဖွင့်လှစ်နိုင်ရေးအတွက်ကို လိုအပ်တဲ့နှစ်ထပ်ဆောက်အဦတစ်လုံး၊ ဂါလန် ၂၀၀၀၀ ဆံ့ သံကူကွန်ကရစ်မြေအောက်ရေလှောင်ကန်တစ်ခု၊ လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းနေအိမ်တစ်လုံးတို့ကို ဆောက်လုပ်ပေးနိုင်ဖို့အတွက်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ထဲမှာ တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ထဲမှာရှိတဲ့ စက်မှုဇုန်(၁)မှာ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၁၃ ဦး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ စက်မှုဇုန်(၂)မှာ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၄၀ ဦး၊ မီးသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်လေးစီး၊ စက်မှုဇုန်(၃)မှာတော့ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း စက်မှုဇုန်မှာတော့ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၆၃ ဦးနှင့် မီးသတ်ယာဉ် ခုနစ်စီးရှိပါတယ်။ စက်မှုဇုန်(၁)၊ (၂)၊ (၃)ဟာ မြို့နယ်မီးသတ်စခန်းနှင့် နှစ်ဖာလုံခန့်သာကွာဝေးပြီးတော့ မြို့နယ်မီးသတ်စခန်းမှာ မီးသတ်ယာဉ် လေးစီးရှိတဲ့အတွက် စက်မှုဇုန်အတွင်း မီးဘေးအန္တရာယ်ပေါ်ပေါက်လာမယ်ဆိုရင် အချိန်တိုအတွင်း မီးငြိမ်းသတ်နိုင်ကြောင်းတွေ့ရှိရပါတယ်။ ဒ့ါအပြင် အရေးပေါ်မီးလောင်ကျွမ်းမှုဖြစ်ပါက ရန်ကုန်တိုင်းဒေသကြီးအတွင်း အနီးစပ်ဆုံး မြို့နယ်မီးသတ်စခန်းများမှ အဆင့်လိုက်ထွက်ခွာ မီးငြိမ်းသတ်တဲ့စနစ်နဲ့ အရ Level-1 အဆင့်မှ Level-5 အထိ စုစုပေါင်းမီးသတ်ယာဉ် ၆၂ စီးဖြင့် လိုအပ်ချက်အပေါ် မူတည်ပြီး အဆင့်လိုက်အင်အားဖြည့်ပြီး မီးငြိမ်းသတ်နိုင်ရေးလည်း ညှိနှိုင်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ သို့ပါ၍ စက်မှုဇုန်(၁)၊ (၂)၊ (၃)မှာ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်နဲ့ မီးသတ်ယာဉ်များရှိတဲ့အတွက်လည်းကောင်း၊ မြို့နယ်မီးသတ်စခန်းနှင့် နှစ်ဖာလုံခန့်သာကွာဝေးတဲ့အတွက်လည်းကောင်း လိုအပ်ပါကလည်း အနီးပတ်ဝန်းကျင်ရှိမြို့နယ်များမှ မီးလောင်မှုဖြစ်ပွားတဲ့အပေါ်မူတည်ပြီး Level အလိုက် မီးငြိမ်းသတ်နိုင်ရေးစီစဉ်ထားရှိမှုအရလည်းကောင်း စက်မှုဇုန်အတွင်းမှာတော့ နယ်မြေမီးသတ်စခန်း ထပ်မံဖွင့်လှစ်ပေးရန် မရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မီးသတ်စခန်းအတွင်း ဝန်ထမ်းအိမ်ရာအသစ်ဆောက်လုပ်နိုင်ရေးအတွက်ကိုတော့ ခြောက်ခန်းတွဲသုံးထပ် ဝန်ထမ်းနေအိမ်တစ်လုံး၊ အမှတ်(၇၀)ရပ်ကွက် နယ်မြေမီးသတ်စခန်းအတွက်ကိုတော့ ဝန်ထမ်းအဆောက်အဦများအပါအဝင် ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် အမှတ်(၅၆)ရပ်ကွက်နှင့် အမှတ်(၇၀)ရပ်ကွက်ကြားမှာ နယ်မြေမီးသတ်စခန်းအတွက် ခွင့်ပြုမိန့်ရရှိပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စက်မှုဇုန်(၁)၊ (၂)၊ (၃)

အတွက် နယ်မြေမီးသတ်စခန်းထပ်မံဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရသေ့တောင်မြို့နယ်ရှိ ရဲနယ်မြေပိုင်းခွဲအနက် မေယုမြစ်အနောက်ဘက်ခြမ်းတွင်ရှိသော စေတီပြင် နယ်မြေနှင့် လောင်ချောင်းနယ်မြေကို နယ်ခြားစောင့်ရဲတပ်ဖွဲ့တာဝန်ယူစေပြီး မေယုမြစ်အရှေ့ဘက် ခြမ်းတွင် မြို့မရဲစခန်းအပိုင်နယ်မြေနှင့် တစ်ဆက်တစ်စပ်တည်းရှိသော မြို့မနယ်မြေ၊ ကူတောင် နယ်ခြားစောင့်နယ်မြေ၊ ကျောက်တန်းနယ်ခြားစောင့်နယ်မြေတို့ကို မြို့နယ်ရဲတပ်ဖွဲ့အား တာဝန်ယူ ဆောင်ရွက်စေရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)** ။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကျွန်မမေးမြန်းမယ့်မေးခွန်းကတော့ ရသေ့တောင် မြို့နယ်မှာရှိတဲ့ ရဲနယ်မြေပိုင်းခွဲအနက် မေယုမြစ်အနောက်ဘက်ခြမ်းတွင်ရှိတဲ့ စေတီပြင်နယ်မြေနှင့် လောင်ချောင်း နယ်မြေကို နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တာဝန်ယူ ဆောင်ရွက်စေပြီးတော့ မေယုမြစ်အရှေ့ဘက်ခြမ်းတွင် ရှိတဲ့ မြို့မရဲစခန်းအပိုင်နယ်မြေနှင့် တစ်ဆက် တစ်စပ်တည်းရှိတဲ့ မြို့မနယ်မြေ၊ ကူတောင်နယ်ခြားစောင့် နယ်မြေ၊ ကျောက်တန်း နယ်ခြားစောင့်နယ်မြေတို့ကို မြို့နယ်ရဲတပ်ဖွဲ့အား တာဝန်ယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိပဲ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးရှင့်။ ရသေ့တောင်မြို့နယ်ကို ယခင်က မြို့နယ်ရဲတပ်ဖွဲ့နယ်မြေ ငါးခုခွဲပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာ (နဆက)နယ်စပ်ကွပ်ကဲရေးအဖွဲ့များ စတင် ပေါ်ပေါက်လာပြီးတော့ ရသေ့တောင်မြို့နယ်ကို နယ်စပ်ကွပ်ကဲရေး(နဆက)နယ်မြေအဖြစ် စေတီ ပြင်နယ်မြေရုံး၊ အငူမော်စခန်း၊ ဘို့တန်ကောက်စခန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ နဆကစခန်းများကို ရုတ်သိမ်းခဲ့ပြီးတော့ နယ်ခြားစောင့်ရဲတပ်ဖွဲ့(နခပ)ဝင်ရောက်လာကာ နယ်မြေတာဝန်ကို ဆက်လက်တာဝန်ယူဆောင်ရွက်နေပါတယ်။ ဒီလိုတာဝန်ထမ်းဆောင်နေရာကနေပြီး တော့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှာ အမှတ်(၁၃)ရဲတပ်ရင်းကို အမှတ်(၁)နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့လက်အောက်ကို သွင်းယူကာ အမှတ်(၃)နယ်ခြားစောင့်ရဲအဖွဲ့ခွဲဟု အမည် ပြောင်းလိုက်ပါတယ်။ နယ်မြေရဲစခန်းရဲကင်းများကိုလည်း အထက်အမိန့်အရရုပ်သိမ်းခဲ့ပြီးတော့ ရသေ့တောင်မြို့ပေါ်မှာရှိ ရဲစခန်းတစ်ခုထဲတွင် ရဲအရာရှိ ၁၀ ဦး၊ အခြားအဆင့် ၇၃ ဦးကို ယနေ့ထိပဲ တစ်စုတစ်စည်းထဲ ထားရှိခဲ့ပါတယ်။ ကျွန်မနယ်မြေငါးခုကတော့ မြို့မနယ်မြေ၊ ကူတောင်နယ်မြေ၊ ကျောက်တန်းနယ်မြေ၊ စေတီပြင်နယ်မြေနှင့် လောင်ချောင်းနယ်မြေတို့ဖြစ်ပါတယ်။ အဲဒီနယ်မြေတွေရဲ့ ရပ်ကွက်၊ ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေတွေကို မေးခွန်းမေးတည်းက ထည့်ပေးထားပြီးသား ဖြစ်ပါတယ် ရှင့်။ အဲဒီတော့ ဒီနယ်မြေငါးခုကို မေယုမြစ်ပိုင်းခြားလျက်ရှိပါတယ်။ မြို့မနယ်မြေ၊ ကူတောင်နယ်မြေ၊ ကျောက်တန်းနယ်မြေဟာဆိုရင် မေယုမြစ်ရဲ့ အရှေ့ဘက်ခြမ်းမှာရှိပြီးတော့ စေတီပြင်နယ်မြေ၊ လောင်ချောင်းနယ်မြေဟာဆိုလို့ရှိရင် မေယုမြစ်ရဲ့အနောက်ဘက်ခြမ်းမှာရှိပါတယ်။ နယ်မြေကို ခွဲခြား တာဝန်ယူမယ်ဆိုရင်လည်း မြစ်ကမ်းတစ်ဖက်တည်းမှာရှိတဲ့နယ်မြေများကိုသာ စုစည်းတာဝန်ယူသင့် မှုကြမ်း

တယ်လို့ ကျွန်မအနေနဲ့ ထင်မြင်မိပါတယ်ရှင်။ ဒီနယ်မြေငါးခုအနက် မြို့နယ်ရဲတပ်ဖွဲ့မှ မြို့မနယ်မြေတစ်ခုတည်းကိုသာ တာဝန်ယူရပြီးတော့ ကျန်နယ်မြေလေးခုကို နယ်ခြားစောင့်ရဲတပ်ဖွဲ့က သီးသန့်တာဝန်ယူရပါတယ်။ မှုခင်းတစ်စုံတရာဖြစ်ပေါ်လို့ရှိရင် နယ်မြေရဲတပ်ဖွဲ့အနေနဲ့ သတ်မှတ်နေရာကိုကျော်ပြီးတော့ တာဝန်ယူဆောင်ရွက်ခွင့်မရှိတာကိုလည်း သိရှိရပါတယ်။ အမှုဖွင့်တိုင်ကြားလိုသူများဟာ မိမိတို့နေထိုင်တဲ့နယ်မြေနဲ့အနီးဆုံးဖြစ်တဲ့ ရသေ့တောင်မြို့ပေါ်ရှိ နယ်မြေရဲတပ်ဖွဲ့ကို တိုင်ကြားခွင့်မရရှိဘဲနဲ့ မြစ်ကူး၊ ချောင်းကူးပြီးတော့ ဝေးလံတဲ့နယ်ခြားစောင့်ရဲကို သွားရောက်တိုင်ကြားရပါတယ်။ ဥပမာဆိုလို့ရှိရင် မှုခင်းတစ်ခုဖြစ်လို့ရှိရင် ရသေ့တောင်မြို့တွေမှာသွားတိုင်ရင် ရသေ့တောင်ကိုသွားရင် မိနစ် ၂၀ လောက်ပဲကြာပါတယ်။ နယ်ခြားစောင့်တပ်ကိုသွားမယ်ဆိုရင်တော့ တစ်နာရီနီးပါးလောက်သွားရတဲ့အတွက် အရမ်းအခက်အခဲတွေဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ တိုင်ကြားသူများမှာ ဒါကြောင့်မို့လို့ အချိန်ကုန်ပါတယ်။ ငွေကုန်ပါတယ်။ လုပင်ပန်းဖြစ်ကြရပါတယ်။ တရားခံများကိုဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ တရားခံနှင့်သက်သေများကို စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းများဆောင်ရွက်ရာမှာလည်း များစွာနှောင့်နှေးကြန့်ကြာမှုများရှိနေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဥပမာ-လူသတ်မှုဖြစ်တယ်ဆိုလို့ရှိရင် ချက်ချင်းတိုင်ကြားမှုမရတဲ့အတွက် နေရာဝေးတဲ့အတွက်လည်း တရားခံတွေဟာ ထွက်ပြေးလွတ်မြောက်သွားတာတွေကိုလည်း တွေ့ရှိရပါတယ်ရှင့်။ ရသေ့တောင်မြို့မစခန်းအနေဖြင့် ဝန်ထမ်းအင်အား ၈၃ ဦးရှိပြီးတော့ မြို့မနယ်မြေတစ်ခုတည်းကိုသာ တာဝန်ယူဆောင်ရွက်နေရပါတယ်။ ဒါကြောင့် မြို့ပေါ်ရဲတပ်ဖွဲ့ဝင်များရဲ့ အင်အားဆုံးရှုံးမှုနဲ့ နယ်မြေခန့်ခြင်းတာဝန်ပေးနိုင်ခြင်းမရှိတဲ့အတွက် လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးမှုဟာ တစ်မြို့နယ်လုံးကိုလွှမ်းခြုံတဲ့အခြေအနေမရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အချိန်နှင့်တစ်ပြေးညီလုပ်ကိုင်နိုင်ပြီးတော့ နယ်မြေတစ်ခုလုံးကို လွှမ်းခြုံတဲ့ အုပ်ချုပ်မှုစနစ်ဖြစ်စေရေးအတွက် မဲဆန္ဒရှင်ပြည်သူများကိုယ်စား အထက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ရှင့်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်တို့ကို နယ်မြေဒေသအခြေအနေအရ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်မှာရှိတဲ့ ရဲတပ်ဖွဲ့ခွဲများနှင့်ဖြန့်ခွဲပြီး နယ်မြေလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်က အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်မှာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲလေးခုပဲ ထားရှိရာကနေ ယခုနယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲနှစ်ခုကိုလည်း ထပ်မံဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ပါတယ်။ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအောက်မှာ မြို့နယ်သုံးခုကို ဒေသလေးခု၊ နယ်မြေ ၁၁ ခု ပိုင်းခြားပြီးတော့ နယ်မြေအလိုက် နယ်မြေရုံးများ၊ နယ်မြေရဲစခန်းများ၊

ကင်းစခန်းများဖြန့်ခွဲပြီးတော့ နယ်စပ်ဒေသနှင့် မြို့နယ်သုံးခုရဲ့ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ရသေ့တောင်မြို့နယ်မှာ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၈ အုပ်စု၊ ကျေးရွာပေါင်း ၁၉၆ ရွာရှိပြီးတော့ ၄၃၇.၇၅ ဧရိယာစတုရန်းမိုင် ကျယ်ဝန်းပါတယ်။ မြို့နယ်အလှမ်းဝေးတဲ့ ကျေးရွာအုပ်စု ၇၃ အုပ်စု ကျေးရွာပေါင်း ၁၆၂ ရွာကို နယ်မြေဒေသ အခြေအနေအရပ်ရပ်အရ အမှတ်(၁) နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့မှ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့က မေယုမြစ် အရှေ့ဘက်ခြမ်းမှာ နယ်မြေရဲစခန်းတစ်ခု၊ ရဲကင်းစခန်းသုံးခုနှင့် မေယုမြစ်အနောက်ဘက်ခြမ်းမှာ နယ်မြေရဲစခန်းတစ်ခု၊ ရဲကင်းစခန်းကိုးခု ဖြန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။

ရသေ့တောင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှာတော့ လက်ရှိ အရာရှိလေးဦးနှင့် အခြားအဆင့် ၁၀ ဦး စုစုပေါင်း ၁၄ ဦး၊ မြို့မစခန်းမှာတော့ လက်ရှိ အရာရှိခြောက်ဦး၊ အခြားအဆင့် ၆၄ ဦး စုစုပေါင်း ၇၀ ဦးနှင့် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကတော့ ရသေ့တောင်မြို့နယ်အတွင်းမှာရှိတဲ့ မြို့မရဲစခန်းနှင့် ရဲကင်းများမရှိဘဲနဲ့ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၅ အုပ်စု ကျေးရွာပေါင်း ၃၄ ရွာတို့အတွက် လိုအပ်တဲ့ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြို့နယ်ရဲတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်ရတဲ့ ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၅ အုပ်စု ကျေးရွာပေါင်း ၃၄ ရွာရှိတဲ့အတွက် ၎င်းရဲ့အင်အားနှင့်လည်း အင်အားဆုံးရှုံးမှုမရှိကြောင်း တွေ့ရှိရပါတယ်။ နယ်မြေဒေသအခြေအနေအရလည်း ကျန်တဲ့နယ်မြေဒေသတွေမှာ ရဲတပ်ဖွဲ့အင်အားရဲ့ ၅၀ ရာခိုင်နှုန်းသာ ခန့်အပ်နိုင်သော်လည်းပဲ ရသေ့တောင်မြို့နယ်ရဲတပ်ဖွဲ့ရုံးကိုတော့ အင်အားရဲ့ ၉၀ ရာခိုင်နှုန်းအထိ ကျွန်တော်တို့ ဖြည့်တင်းပြီးတော့ လုံခြုံရေးတာဝန်များကို ပူးတွဲထမ်းဆောင်စေခြင်းဖြစ်ပါတယ်။

ရသေ့တောင်မြို့နယ်အတွင်းမှာ အမှုဖွင့်တိုင်ကြားလိုသူများအနေနဲ့ မည်သည့်ရဲကင်း၊ ရဲစခန်းမှာမဆို တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားမှုအပေါ်မှာတော့ ပထမသတင်းပေးတိုင်ကြားချက်ကို နယ်မြေရဲစခန်းသို့ပေးပို့ စုံစမ်းဆောင်ရွက်စေခြင်းသာ ဖြစ်ပါတယ်။ မေယုမြစ်အရှေ့ဘက်ခြမ်းမှာရှိတဲ့ ရဲကင်းစခန်းများအနေနဲ့လည်း အမှုဖွင့်တိုင်ကြားမှုများအပေါ် မြစ်ရဲ့အနောက်ဘက်အခြမ်းမှာရှိတဲ့ စေတီပြင်နယ်မြေရဲစခန်းကို ပေးပို့ဆောင်ရွက်နေရတဲ့အတွက် ၎င်းအခြေအနေများကို အဆင်ပြေစေဖို့အတွက် ယခုအခါမှာတော့ မြစ်ရဲ့အရှေ့ဘက်ခြမ်းရှိတဲ့ ကျောက်တန်းရဲကင်းစခန်းကို ပထမသတင်းပေးတိုင်ကြားချက်ရေးဖွင့်နိုင်တဲ့ နယ်မြေရဲစခန်းအထိ ဖွင့်လှစ်နိုင်ရေးကိုလည်း တင်ပြဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှာတော့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၃/၂၀၁၇)နဲ့ ခွင့်ပြုမိန့်ရရှိပြီးဖြစ်တဲ့အတွက်လည်း နယ်မြေရဲစခန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်တန်းနယ်မြေရဲစခန်း ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်တဲ့စခန်းရုံး၊ အချုပ်ခန်းအပါအဝင် တစ်ထပ်တစ်လုံး၊ ခြောက်ခန်းတွဲ နှစ်ထပ် နှစ်လုံး၊ လေးခန်းတွဲ နှစ်ထပ် တစ်လုံး၊ Y ပုံသဏ္ဌာန်ခြံစည်းရိုးအရှည်ပေ ၁၇၃၀ တို့ကို လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တင်ပြ

တောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် နယ်မြေစခန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးမယ်ဆိုရင်တော့ မေယုမြစ်အရှေ့ဘက်ခြမ်းမှာရှိတဲ့ အမှုဖြစ်စဉ်တိုင်ကြားမှုတွေအတွက်ကို ဒေသခံပြည်သူများအနေနဲ့ မြစ်ရဲ့အနောက်ဘက်ခြမ်းကို သွားရောက်ရန်မလိုအပ်တော့ဘဲနဲ့ လွယ်ကူစွာ ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

သို့ပါ၍ မေယုမြစ်ရဲ့အရှေ့ဘက်ကမ်းမှာ မှုခင်းများဖြစ်ပေါ်လာပါက မြစ်ရဲ့အနောက်ဘက်ခြမ်းသို့ သွားရန်မလိုဘဲ ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်နိုင်ရေးအတွက် ကျောက်တန်းရဲကင်းစခန်းကို ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်နိုင်သော နယ်မြေရဲစခန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်တွေမှာ အခြေအနေအရပ်ရပ်အရ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှသာ ဆောင်ရွက်လျက်ရှိပြီး မြို့နယ်ရဲစခန်းမှ ပြောင်းလဲတာဝန်ယူဆောင်ရွက်စေရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး မွေးမြူရေးလုပ်ကိုင်သူများအတွက် မွေးမြူရေးမြေနေရာကို တရားဝင်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ မွေးမြူသူတွေအတွက် မွေးမြူရေးမြေနေရာကို တရားဝင်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနဲ့ ရှိပါက မြေအမျိုးအစားအလိုက် မည်ကဲ့သို့အဆင့်ဆင့်လျှောက်ထားရမည်ကို သိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းပြည်ရဲ့လိုအပ်နေတဲ့ဘတ်ဂျက်ကို ဖြည့်ဆည်းဖို့ဆိုတာ ဝင်ငွေအများကြီးရမှဖြစ်မှာပါ။ စက်ရုံ၊ အလုပ်ရုံနဲ့ ကုန်ထုတ်လုပ်ငန်းကြီးတွေရှိဖို့လိုပေမဲ့ ကျွန်တော်တို့လိုနိုင်ငံမျိုးမှာ ဒီနိုင်ငံအတွင်းမှာ အချိန်တိုခြောက်လ၊ တစ်နှစ်အတွင်း ဝင်ငွေများများရှာပေးနိုင်တာက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွေပါ။ ဒီလုပ်ငန်းတွေမှာ အားသွန်ခွန်စိုက် ရင်းနှီးမြှုပ်နှံ၊ ပံ့ပိုးကူညီပေးရင် အချိန်တိုကာလအတွင်းမှာ နိုင်ငံ့ဝင်ငွေအများကြီးရမှာ၊ ပြည်သူတွေလည်း စာဝတ်နေရေးချောင်လည်လာမှာဖြစ်ပါတယ်။ မွေးမြူရေးအားပေးတယ်ဆိုပေမဲ့ တကယ်မွေးမြူတဲ့သူတွေမှာတော့ မွေးမြူရေးဇုန်နည်းနည်းလေးကလွဲလို့ မွေးမြူရေးမြေ သတ်သတ်မှတ်မှတ် ခွင့်ပြုထားတာမရှိပါဘူး။ အိမ်ခြံကွက်လပ်မှာမွေးတော့လည်း အနီးပါးနားက ကြက်ချေးစော်နံတယ်၊ ဝက်ချေးစော်နံတယ်။ ကြက်သံ၊ ဝက်သံတွေဆူညံတယ်လို့ပြောကြပြန်တယ်။ လယ်ထဲမှာမွေးပြန်တော့လည်း တည်ဆဲလယ်ယာမြေဥပဒေနဲ့မလွတ်မကင်းဖြစ်နေရပါတယ်။ ရေနက်ကွင်းတွေမှာတူးထားတဲ့ ငါးကန်တွေတောင်မှ ရဲရဲဝင့်ဝင့်

မဆောင်ရွက်နိုင်သေးပါဘူး။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံဖို့လာပြန်တော့လည်း ခိုင်မာမှုမရှိတဲ့မြေနေရာမှာ ဘယ်ရင်းနှီးမြှုပ်နှံသူမှ စိတ်ချလက်ချမမြှုပ်နှံရဲပါဘူး။ မွေးမြူရေးလုပ်ငန်းတွေ ယိုင်နဲ့နေမှုကြောင့် လည်း ပြည်ပကကြက်သားတွေ၊ ဝက်သားတွေ ပြည်တွင်းကိုပြန်ပြီးစီးဝင်နေပါတယ်။ မွေးမြူသူတွေ ရော၊ မွေးမြူရေးလုပ်ငန်းနဲ့ ပြည်သူလူထုရဲ့ကျန်းမာရေးကိုပါ ထိခိုက်ရပြန်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံမှာ မြေအမျိုးအစား ၂၂ မျိုးရှိပြီး စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ ဝန်ကြီးဌာနတွေလည်း အသီးသီးရှိပါတယ်။ ကျေးဇူးပြုပြီး Power Point သုံးစွဲဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ ဥယျာဉ်မြေ၊ ဓနိမြေ၊ တောင်ယာမြေတွေဆိုရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲပါတယ်။ တောရိုင်းမြေ၊ မြေရိုင်းမြေလည်း စိုက်ပျိုးရေး၊ မွေးမြူးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက စီမံခန့်ခွဲပါတယ်။ သစ်တောကြိုးဝိုင်းမြေကိုတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက စီမံခန့်ခွဲတာဖြစ်ပါတယ်။ ဒီမှာဆိုရင် မွေးမြူရေးနဲ့ပတ်သက်တဲ့ အမှတ်စဉ်(၁၁)မှာပါတဲ့ ကျွဲ၊ နွားစားကျက်မြေဆိုရင် ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲတာဖြစ်ပါ တယ်။ အဲဒီလိုစီမံခန့်ခွဲတဲ့ မြေတွေထဲမှာ လယ်ယာမြေကို တခြားနည်းအသုံးပြုဖို့ လျှောက်ရရင်လည်းပဲ အဆင့်အားဖြင့်က ၂၉ ဆင့်ရှိပါတယ်။ အထူးသဖြင့် ကြန့်ကြာနေတာကတော့ မြို့နယ်/လယ်/စီ အစည်းအဝေးမှတ်တမ်းတွေ၊ မြို့နယ်/လယ်/စီရဲ့ သဘောထားမှတ်ချက်၊ ခရိုင်/လယ်/စီ အစည်းအဝေး မှတ်တမ်း၊ ခရိုင်/လယ်/စီရဲ့ သဘောထားမှတ်ချက်၊ တိုင်း/လယ်/စီရဲ့ အစည်းအဝေးမှတ်တမ်း၊ တိုင်း/ လယ်/စီရဲ့ စိစစ်ချက်အချဉ်းချုပ် စသည်ဖြင့် သူတို့အစိုးရအဖွဲ့တွေနဲ့ အစည်းအဝေးလုပ်ဖို့ဆိုတာဟာ အချိန်အကြာကြီး နှစ်နဲ့ချီပြီးစောင့်နေရပါတယ်။ အဲဒီတော့ လျှောက်ထားချိန်ကနေစပြီး အချိန်ဘယ် လောက်အတွင်းမှာ ခွင့်ပြု/မပြုသိနိုင်ဖို့လည်း လိုအပ်ပါတယ်။ ဒီလိုသိမှသာ အလုပ်တွေရှေ့ဆက် ပြီးတော့ ခွန်စိုက်အားစိုက်ရင်းနှီးမြှုပ်နှံလုပ်ရသူတွေအနေနဲ့လည်း အဆင်ပြေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အချိန်တိုအတွင်းမှာ နိုင်ငံခြားဝင်ငွေတွေရဖို့၊ ရင်းနှီးမြှုပ်နှံသူတွေလာဖို့၊ ပြည်တွင်း စားသုံးတဲ့သူတွေအဆင်ပြေဖို့၊ မွေးမြူရေးသမားတွေလိုအပ်နေတဲ့ မွေးမြူရေးမြေနေရာနဲ့ပတ်သက်လို့ မွေးမြူရေးမြေနေရာကို တရားဝင်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနဲ့ ရှိပါက မြေအမျိုးအစားအလိုက် ဘယ်လိုအဆင့်ဆင့်လျှောက်ထားရမှာကို ပြည်သူတွေသိရှိနိုင်ဖို့အတွက် လေးစားစွာမေးမြန်းအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး အနေနဲ့ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့၊ မွေးမြူသူများအတွက် မွေးမြူရေးမြေနေရာကို တရားဝင်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိပါက မြေအမျိုးအစားအလိုက် မည်ကဲ့သို့အဆင့်ဆင့်

လျှောက်ထားရမည်နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော်မှ ပြန်လည်ဖြေကြားပါ့မယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့မြေနေရာလျှောက်ထားရမယ့် လုပ်ငန်းစဉ်အဆင့်ဆင့်ဟာ အသုံးပြုအကောင်ထည်ဖော်ဆောင်ရွက်မယ့် မြေအမျိုးအစားအပေါ်မူတည်ပါတယ်။ လယ်ယာမြေနဲ့ မြေလွတ်၊ မြေလပ်နဲ့မြေရိုင်းများအကောင်အထည်ဖောင်ဆောင်ရွက်မယ်ဆိုရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မိမိရဲ့စီမံခန့်ခွဲမှုရှိတဲ့ လယ်ယာမြေနဲ့ မြေလွတ်၊ မြေလပ်နဲ့မြေရိုင်းများစီမံခန့်ခွဲခြင်းဆိုင်ရာဥပဒေများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့နှင့်အညီ စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ မွေးမြူရေးလုပ်ငန်းကို လယ်ယာမြေပေါ်မှာ လုပ်မယ်ဆိုရင် လယ်ယာမြေကို အခြားနည်းသုံးစွဲနိုင်ဖို့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃၀ နှင့် အညီ လျှောက်ထားခွင့်ရှိပါတယ်။ အဆိုပါ လယ်ယာမြေနဲ့စပ်လျဉ်းပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့က တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့ရဲ့ စိစစ်ထောက်ခံချက်နဲ့ ခွင့်ပြုပေး လျက်ရှိပါတယ်။ လယ်ယာမြေမှတစ်ပါး အခြားသောလယ်ယာမြေများကိုတော့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်နဲ့ ခွင့်ပြုပေးလျက်ရှိပါတယ်။

လုပ်ငန်းစဉ်အနေနဲ့ လယ်ယာမြေနည်းဥပဒေမှာပါရှိတဲ့အတိုင်း သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှာ လျှောက်ထားရမှာဖြစ်ပါ တယ်။ လျှောက်ထားပြီးတဲ့အလျှောက် မြို့နယ်ဦးစီးမှူးရုံးမှစိစစ်မှုနှင့်အတူ မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့ကိုတင်ပြပြီးတော့ ဆောင်ရွက်ရတဲ့လုပ်ငန်းစဉ်ရှိပါတယ်။ ဆက်လက်ပြီး မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ကနေ ခရိုင်/ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို တင်ပြဆောင်ရွက်ရမှုရှိတဲ့အလျောက် လယ်မြေဆိုရင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် လယ်ယာ မြေမှတစ်ပါးဖြစ်တဲ့ လယ်ယာမြေများကိုတော့ သက်ဆိုင်ရာတိုင်းဒေသကြီး လယ်မြေမှတစ်ပါးဖြစ်တဲ့ လယ်ယာမြေများကိုတော့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြုပေးလျက်ရှိပါ ကြောင်း ဖြေကြားအပ်ပါတယ်။ ဒါကတော့ လယ်မြေနှင့်လယ်မြေမှတစ်ပါး လယ်ယာမြေများအပေါ်မှာ ဆောင်ရွက်ခွင့်ရရှိရေးအတွက် လုပ်နည်းစဉ်များဖြစ်ပါတယ်။ လယ်ယာမြေပေါ်မှာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဖို့ လျှောက်ထားတဲ့လုပ်ငန်းအဆင့်ဆင့်ကိုတင်ပြရရင် မြို့နယ်ဦးစီးမှူးရုံးကို နည်းဥပဒေ ၈၂ အရ ပုံစံ(၁၄)ဖြင့် စတင်လျှောက်ထားရပါတယ်။ မြို့နယ်ဦးစီးမှူးရုံးမှ နည်းဥပဒေ ၈၃ အရ လုပ်ငန်းစာတွဲဖွင့်ပြီး နည်းဥပဒေ ၈၄ အရ ရက်ပေါင်း ၃၀ အတွင်း စိစစ်ပေးပါတယ်။ မြို့နယ်ဦးစီးမှူး ရုံးဟာ နည်းဥပဒေ ၈၅ အရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကို တင်ပြပါတယ်။ စာတွဲဖွင့်ပြီး ရက်ပေါင်း ၃၀ ကြာပါတယ်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား နည်းဥပဒေ ၈၆ အရ ၁၅ ရက် အတွင်းစိစစ်ပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား

လယ်မြေဖြစ်ရင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဆက်လက်တင်ပြပြီး ခွင့်ပြုချက်ရယူပါတယ်။ လယ်မြေမှတစ်ပါး လယ်ယာမြေဖြစ်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ ဆက်လက်တင်ပြပြီးတော့ ဆုံးဖြတ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ရက်ပေါင်း ၃၀ ကြာပါတယ်။ လယ်မြေဖြစ်မယ်ဆိုရင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ နည်းဥပဒေ ၈၇ (က)အရ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်တင်ပြလာမှုအပေါ်မှာ ခွင့်ပြုပေးတယ်ဆိုရင် ခွင့်ပြုမိန့်ပုံစံ(၁၅)ထုတ်ပေးပါတယ်။ လယ်မြေမှတစ်ပါး လယ်ယာမြေဖြစ်မယ်ဆိုရင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဟာ နည်းဥပဒေ ၈၇(ခ)အရ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုက စိစစ်တင်ပြလာမှုအပေါ် ခွင့်ပြုကာ ခွင့်ပြုမိန့်ပုံစံ(၁၅) (က) ထုတ်ပေးပါတယ်။ အားလုံးရက်ပေါင်း ၇၅ ရက်ကြာမြင့်ပါကြောင်း တင်ပြအပ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများမှာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဖို့ လျှောက်ထားတဲ့လုပ်ငန်း အဆင့်ဆင့်ကိုတင်ပြရရင် လျှောက်ထားသူဟာ ပုံစံ(၂)နဲ့ဖြည့်စွက်ပြီးတော့ မြို့နယ်မြေစာရင်းကနေ ရေးကူးပေးတဲ့လိုအပ်တဲ့မြေပုံအထောက်အထားတွေအပါအဝင် နည်းဥပဒေပါ သတ်မှတ်ချက်အတိုင်းပူးတွဲပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို လျှောက်ထားရပါတယ်။ ဗဟိုကော်မတီကနေ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့ကို ပြန်လည်စိစစ်စေပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့က တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနကို စိစစ်စေပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်မှခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနမှူးရုံးကို ယခုကဲ့သို့ အဆင့်ဆင့်စိစစ်စေပြီးတော့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့စိစစ်ချက်နဲ့ အဆင့်ဆင့်ပြန်လည်တင်ပြရာမှာ မြို့နယ်ဦးစီးမှူးရုံးဟာ လျှောက်လွှာစာတွဲလက်ခံရရှိရင် လုပ်ငန်းစာတွဲဖွင့်ပြီး ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထုတ်ပြန်ရပါတယ်။ ကန့်ကွက်မှုမရှိရင်၊ ကန့်ကွက်နိုင်ကြောင်း နောက်ဆုံးသတ်မှတ်ရက်ကနေ ခုနစ်ရက်အတွင်း ခရိုင်ဦးစီးမှူးရုံးကို တင်ပြရပါတယ်။ ကန့်ကွက်မှုတစ်စုံတစ်ရာရှိခဲ့မယ်ဆိုရင် မြို့နယ်ဦးစီးမှူးရုံးက ခုနစ်ရက်အတွင်း တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးကနေတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့ကို တင်ပြရပါတယ်။ ဗဟိုကော်မတီက ဖွဲ့စည်းတဲ့ အဖွဲ့နဲ့သီးခြားအဖွဲ့ စိစစ်ရပါတယ်။ သီးခြားအဖွဲ့ဟာ စစ်ဆေးဖို့အကြောင်းကြားစာရပြီး ခုနစ်ရက်အတွင်းမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သွားရောက်စစ်ဆေးပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်လုပ်ငန်းအဖွဲ့ကို တင်ပြရပါတယ်။ ခရိုင်ဦးစီးမှူးရုံးက ခုနစ်ရက်အတွင်း တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးကို တင်ပြခြင်းက ခုနစ်ရက်ကြာပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးမှ ခုနစ်ရက်အတွင်း တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့ကို တင်ပြရတာ ခုနစ်ရက်ကြာပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့ကနေ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပြီးတော့ သဘောထားမှတ်ချက်ရယူရပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့မှ သက်ဆိုင်ရာအစိုးရအဖွဲ့ရဲ့သဘောထားမှတ်ချက်ရပြီး ခုနစ်ရက်အတွင်းမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို တင်ပြရပါတယ်။ ဗဟိုကော်မတီမှ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့သဘောထားမှတ်ချက်များကို ရယူရပါတယ်။ ဗဟိုကော်မတီဟာ သက်ဆိုင်ရာဝန်ကြီးဌာနများ၏သဘောထားမှတ်ချက်နှင့်အညီ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းကို ဆောင်ရွက်ပေးပါတယ်။ ခွင့်ပြုပါက အာမခံကြေး

ပေးသွင်းစေပြီး မွေးမြူရေးလုပ်ငန်းအတွက် တစ်ဧကကျပ် ၁၀၀၀၀ နှုန်းနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ကို ပေးသွင်းရပါတယ်။ အာမခံကြေးပေးသွင်းပြီးပြီဆိုရင်တော့ မွေးမြူရေးလုပ်ငန်းအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ သုံးခွင့်ပြုတဲ့ခွင့်ပြုမိန့်ပုံစံ(၁၃)ကို ထုတ်ပေးခြင်းကို ဆောင်ရွက်ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများမှာ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ဖို့အတွက် လျှောက်ထားရာမှာ ခွင့်ပြုဧရိယာနှင့်စပ်လျဉ်းပြီးတော့ တင်ပြပေးပါမယ်။ ငါး၊ ပုစွန်၊ ကဏန်းဆိုရင် ဧက ၁၀၀၀ ထက်မပိုစေဘဲ၊ ကျွဲ၊ နွား၊ မြင်းဆိုရင် ဧက ၂၀၀၀ ထက်မပိုစေဘဲ၊ သိုး၊ ဆိတ်ဆိုရင် ဧက ၅၀၀ နှင့် ကြက်၊ ဝက်၊ ဘဲ၊ ငုံးဆိုရင် ဧက ၃၀၀ ထက်မပိုစေဘဲ ခွင့်ပြုပေးပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများမှာ မွေးမြူရေးလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိတဲ့သူဟာ မြေခွန်ကို ပေးဆောင်ရပါတယ်။ မြေခွန်ကောက်ခံရာမှာ ငါး၊ ပုစွန်၊ ကဏန်းအတွက် တစ်ဧက ကျပ် ၃၀၀၀ နှုန်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းအတွက် တစ်ဧက ကျပ် ၁၀၀၀ နှုန်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ မြေခွန် ကင်းလွတ်ခွင့်အနေနဲ့ ကြက်၊ ဝက်၊ ဘဲ၊ ငုံးမွေးမြူခြင်းလုပ်ငန်းတွေကို လုပ်ကိုင်ခွင့်ပြုပြီး တစ်နှစ်နဲ့ ကျန် မွေးမြူရေးလုပ်ငန်းတွေကို လုပ်ကိုင်ခွင့်ပြုပြီး နှစ်နှစ် မြေခွန်ကင်းလွတ်ခွင့်ပြုထားပါတယ်။ မွေးမြူသူ တွေ စီးပွားဖြစ်စေဖို့အတွက် မိမိတို့ဝန်ကြီးဌာနအနေနဲ့ကလည်းပဲ မွေးမြူရေးဇုန်တွေကို ကြီးကြပ် ဖော်ထုတ်ပေးလျက်ရှိရာမှာ အခုဆိုရင် တိုင်းဒေသကြီး/ပြည်နယ် ၁၇ ခုမှာ ဧက ၈၉၀၀ ကျော် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အလားတူ လိုအပ်တဲ့ နည်းပညာသင်တန်းတွေကိုလည်းပဲ ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဒီနေရာမှာ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်တဲ့အရင်းအနှီးဖြည့်ဆည်းပေးဖို့ အတွက်လည်းပဲ ချေးငွေရရှိရေးနှင့်ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေး ဘဏ်ကနေပြီး စီးပွားရေးအခြေခံလုပ်ငန်းတွေကို နှစ်လတ်ချေးငွေများ ထုတ်ပေးတဲ့အစီအစဉ်အရ မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆက်စပ်တဲ့စီးပွားရေးလုပ်ငန်းတွေကို ချေးငွေ သက်တမ်းသုံးနှစ်ကနေ ငါးနှစ်အထိ ထုတ်ချေးပေးမယ့်အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ အစီအစဉ်ကိုလည်းပဲ ပြည်သူများသိရှိနိုင်ဖို့ သတင်းစာတွေမှာ ထည့်သွင်းကြေညာခဲ့ကြောင်း တင်ပြ အပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနှင့်ပတ်သက်လို့ မွေးမြူသူ များအတွက် မွေးမြူရေးမြေနေရာကို တရားဝင်ခွင့်ပြုပေးလျက်ရှိပါတယ်။ လယ်ယာမြေမှာ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မယ်ဆိုရင် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထား ဆောင်ရွက်နိုင်ရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများမှာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မယ်ဆိုရင် တော့ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ကျိုင်းတုံမြို့နယ်၊ လွယ်မွေကျေးရွာအုပ်စု၊ ပန်ဝိုင်ရွာတည်ရှိရာမြေကို နှစ်ခြင်းခရစ်ယာန် သာသနာ နယ်မြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ လွယ်မွေကျေးရွာအုပ်စု၊ ပန်ဝိုင်ရွာတည်ရှိရာ ယခင်သာသနာနယ်မြေအဖြစ်သတ်မှတ်ထားသော ပန်ဝိုင်ရွာတည်ရှိရာမြေဧက ၃၀၀ ကို ဂရန်ကျပြီးသည့်ကျောင်း၊ ဘုရားရှိခိုးကျောင်း၊ ကျမ်းစာကျောင်းတို့ကိုချန်လှပ်၍ ကျန်ရှိသည့်ပုံစံ(၇)ကျပြီးမြေ မကျဘဲ လုပ်ကိုင်လျက်ရှိသည့် ဥယျာဉ်ခြံမြေနှင့် မြေလွတ်၊ မြေရိုင်းအပါအဝင် ဧက ၂၃၀.၄ ဧကကို နှစ်ခြင်းခရစ်ယာန် သာသနာနယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိသိရှိလို၍ မေးမြန်းတဲ့မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ပန်ဝိုင်ရွာတွင် ယခင်က အမေရိကန်နှစ်ခြင်းခရစ်ယာန် သာသနာပြုဆရာကြီးလင်မယားက ယခင် ကျိုင်းတုံစော်ဘွားကြီးထံ ဧက ၃၀၀ ငှားရမ်းပြီး ပန်ဝိုင်နှစ်ခြင်းခရစ်ယာန်သာသနာနယ်မြေအဖြစ် စတင်တည်ထောင်ခဲ့သောရွာ ဖြစ်ပါသည်။ စတင်တည်ထောင်ခဲ့သူ ဆရာကြီးလင်မယားပြန်သွားပြီးတော့ အမေရိကန်နှစ်ခြင်းသာသနာပြုဆရာတော်ကြီးများက အဆက်ဆက်တာဝန်ယူခဲ့ပါတယ်။ မစ္စတာပေါလ်လင်မယားပြန်သွားပြီးနောက် လားဟူတိုင်းရင်းသား ခရစ်ယာန်ဆရာတော်များက ဆက်လက်တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ကျိုင်းတုံမြို့နယ်၊ မြေစာရင်းအင်းဦးစီးဌာန၏မြေယာစာရင်းပုံစံ ၁(က)တွင်လည်း သာသနာပိုင် ဥယျာဉ်ခြံမြေစိုက်ပျိုးရန်ဟု တရားဝင်အမည်ပေါက်ခဲ့ပြီးဖြစ်ပါသည်။ ယခင်က ပန်ဝိုင်ရွာသည် ခရစ်ယာန်သာသနာမှဖွင့်လှစ်သော အထက်တန်းကျောင်းနှင့် ကျမ်းစာကျောင်းများကို ဖွင့်လှစ်ထားရှိခဲ့ပြီး အမျိုးသား၊ အမျိုးသမီးဘော်ဒါဆောင်များဖွင့်လှစ်၍ ရှမ်းပြည်နယ်အရှေ့ပိုင်း ကိုးမြို့နယ်မှ ခရစ်ယာန်များနှင့် ခရစ်ယာန်မဟုတ်သူများ လာရောက်နေထိုင်၍ ပညာသင်ကြားခဲ့ပါသည်။ ထို့ကြောင့် ပန်ဝိုင်ကျေးရွာတည်ရှိရာ မြေဧက ၃၀၀ သည် လားဟူနှစ်ခြင်းခရစ်ယာန်သာသနာ စတင်ခဲ့သည့်နယ်မြေဖြစ်သဖြင့် အလွန်အရေးပါသောကျေးရွာ ဖြစ်ပါသည်။ သာသနာနယ်မြေအဖြစ်သတ်မှတ်သော ပန်ဝိုင်ရွာနယ်မြေအတွင်း ခရစ်ယာန်ဆရာတော်များ၏မိသားစုများ၊ ကျောင်းဆရာဆရာမများ၏မိသားစုများ၊ ဘော်ဒါဆောင်နေကျောင်းသားကျောင်းသူများ၏နေထိုင်ရေး၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ဘာသာရေးရည်ရွယ်ချက်ဖြင့် ခွဲဝေလုပ်ကိုင်စားသောက်စေပြီး ကျေးရွာထင်းစိုက်ခင်း၊ စားကျက်မြေ၊ ရွာပိုင်သစ်တောမြေတို့ကိုလည်း စနစ်တကျ ထိန်းသိမ်းထားရှိခဲ့ပါသည်။ ပန်ဝိုင်ရွာတည်ရှိရာနယ်မြေကို သာသနာနယ်မြေအဖြစ် ၁၉၆၀ ခုနှစ်၊ နိုင်ဝင်ဘာလ ၂၃ ရက်နေ့တွင် **သာလံကျော်ဖုန်း**မှ ထပ်မံ၍ အနှစ် ၃၀ မြေငှားဂရန်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရှိရပါသည်။ ကိုယ်ပိုင်ကျောင်းများကို ပြည်သူပိုင်သိမ်းယူပြီးနောက် ကျောင်းမြေ၊ ဘုရားရှိခိုးကျောင်းမြေ၊ ကျမ်းစာကျောင်းမြေတို့ကို ဂရန်ချထားခဲ့ပါသည်။ ၂၀၁၃ ခုနှစ် သစ်တောဦးစီးဌာနမှ ကြိုးဝိုင်းတော၊ ကြိုးပြင်တောများသတ်မှတ်စဉ်ကလည်း ပန်ဝိုင်ရွာတည်ရှိသည့်မြေဧက ၃၀၀ ကို သာသနာနယ်မြေအဖြစ် သတ်မှတ်၍ ချန်လှပ်ထားခဲ့ပါသည်။ သို့ရာတွင် ယခုအခါ ပန်ဝိုင်ရွာတည်ရှိရာမြေကို ကျောင်းမြေ၊ ဘုရားရှိခိုးကျောင်းမြေအပြင် အချို့ရွာသားများကို ၎င်းတို့လုပ်ကိုင်နေသည့်ယာမြေအား ပုံစံ(၇)ချပေးပြီး ကျန်မြေများကို မြေလွတ်၊ မြေရိုင်းအဖြစ် ပြန်လည်သတ်မှတ်ကြောင်း ကျိုင်းတုံမြေစာရင်းဦးစီးဌာနတွင် သွားရောက်စုံစမ်း သိရှိခဲ့ရပါသည်။ ထို့ကြောင့် လက်ရှိလားဟူနှစ်ခြင်းခရစ်ယာန်

အတွင်းရေးမှူး ဆရာတော်ဦးလာဇလုပါ လေးဦးကို သာသနာနယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးနိုင်ရန် လျှောက်ထားခဲ့ရာ ကျိုင်းတုံခရိုင်၊ လယ်ယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၏ ညွှန်ကြားချက်အရ ကျန်ရှိသည့် မြေလွတ်၊ မြေရိုင်း ၁၃၂ ဧကကိုသာ ဆရာတော် ဦးလာဇလုပါ လေးဦးမှ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု မြေလွတ်၊ မြေရိုင်းဥယျာဉ်ခြံသီးနှံစိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်ပြုရန် လျှောက်ထားခဲ့ရကြောင်း သိရှိရပါသည်။ အမှန်မှာ သာသနာနယ်မြေအတွက် ဥယျာဉ်ခြံမြေစိုက်ပျိုးရန် လျှောက်ထားလိုခြင်းဖြစ်ပါသည်။ ထိုသို့ လွဲမှားလျှောက်ထားမှုအကျိုးဆက်မှာ ပန်ဝိုင်ရွာတွင်နေထိုင်၍ ပုံစံ(၇)ကျပြီး လက်ရှိလုပ်ကိုင်နေသူနှင့် ပန်ဝိုင်ရွာတွင် နေထိုင်ခြင်းမရှိသူ၊ ပန်ဝိုင်ရွာမှထွက်ခွာသွားပြီးသူ၊ **ဦးဒီကီပေါလ်**ပါ ၁၂ ဦးက စားကျက်မြေ၊ ထင်းစိုက်ခင်းမြေနှင့် ဥယျာဉ်ခြံမြေလုပ်ကိုင်ရန် မြေမကျန်ရှိတော့ဟုအကြောင်းပြ၍ ကန့်ကွက်သဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း တစ်စုံတရာဆုံးဖြတ်ပေးနိုင်ခြင်းမရှိ၍ ကြန့်ကြာလျက်ရှိပါသည်။ နှစ်ခြင်းခရစ်ယာန်ဆရာတော်များသည် အတွင်းရေးမှူးတာဝန်ကို ရာသက်ပန်ထမ်းဆောင်ခြင်းမဟုတ်ပါ။ သုံးနှစ်တစ်ကြိမ်ရွေးကောက်ခံပြီး သက်တမ်းသုံးကြိမ်သာ တာဝန်ထမ်းဆောင်ရသဖြင့် အကူးအပြောင်းကာလတွင်လစ်ဟာသွားခြင်းကြောင့်လည်းကောင်း၊ ဘာသာရေးဆရာတော်များသည် အစိုးရရုံးများ၊ မြေစာရင်းရုံးများနှင့် ကင်းကင်းရှင်းရှင်းနေလေ့ရှိသဖြင့်လည်းကောင်း၊ ဘာသာရေးတစ်ခုတည်းကိုသာ အာရုံစိုက်နေခြင်းကြောင့်လည်းကောင်း၊ မြေဂရန်သက်တမ်းတိုးရန်မသိရှိခြင်းကြောင့်လည်းကောင်း သာသနာနယ်မြေအဖြစ်မှ ပျက်ပြယ်ခဲ့ရကြောင်း သိရှိရပါသည်။ ယခု သာသနာနယ်မြေအဖြစ် ပြန်လည်လျှောက်ထားရခြင်းမှာလည်း စားကျက်မြေ၊ ထင်းစိုက်ခင်းမြေနှင့် ရွာပိုင်မြေ၊ ဥယျာဉ်ခြံမြေများကို စနစ်တကျပြန်လည်ထိန်းသိမ်းလို၍ ကောင်းမွန်သောရည်ရွယ်ချက်ဖြင့် လျှောက်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ရွာသားအချို့မှာ ပုံစံ(၇)ရပြီးနောက် တခြားတွင်နေထိုင်သူလုပ်ငန်းရှင်သူဌေးများသို့ ရောင်းချရန် ကမ်းလှမ်းခဲ့သည်ကို ကြားသိရ၍ ရွာသူရွာသားများ ဝိုင်းဝန်းကန့်ကွက်သဖြင့် အထမမြောက်ခဲ့ကြောင်း သိရှိရပါသည်။ ပန်ဝိုင်ရွာတွင် နေထိုင်ခြင်းမရှိသူများကိုပါစည်းရုံး၍ ပြန်လည်ကန့်ကွက်နေခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄ အရ နိုင်ငံသားတိုင်း ဘာသာသာသနာရေးတွင် လွတ်လပ်စွာကိုးကွယ်စောင့်တည်နိုင်သော အခွင့်အရေးအညီအမျှရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၂ တွင် နိုင်ငံတော်သည် ခရစ်ယာန်သာသနာသည် အသိအမှတ်ပြုပြီးဖြစ်သည်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၃ တွင် အသိအမှတ်ပြုထားသော ဘာသာသာသနာကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားချက်အရ ပြည်ထောင်စုအစိုးရ၏ ကူညီစောင့်ရှောက်မှုကို အလွန်လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လားဟူတိုင်းရင်းသား ခရစ်ယာန်ဘာသာဝင်များ၏ကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်မှ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ လွယ်မွေကျေးရွာအုပ်စု၊ ပန်ဝိုင်ရွာတည်ရှိရာမြေကို နှစ်ခြင်းခရစ်ယာန်သာသနာနယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ မြေနေရာဟာ ကျိုင်းတုံမြို့နယ်၊ လွယ်မွေကျေးရွာအုပ်စု၊ ပန်ဝိုင်(အထက်)ရွာအနီးမှာ တည်ရှိပါတယ်။ ရှမ်းစော်ဘွားများလက်ထက် ကျိုင်းတုံခရိုင်စော်ဘွား စဝ်စိုင်းလုံရဲ့ခွင့်ပြုချက်နဲ့ ပန်ဝိုင်ခရစ်ယာန်စာသင်ကျောင်းမြေနေရာအဖြစ် ဧရိယာဧက ၃၀၀ ကို ၂၃-၁၀-၁၉၆၀ ရက်နေ့ကနေ ၂၂-၁၀-၁၉၉၀ ရက်နေ့အထိ နှစ် ၃၀ စော်ဘွားဂရန်ရရှိထားတဲ့ မြေနေရာဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ ဂရန်သက်တမ်းကုန်ဆုံးပြီးတဲ့နောက် သက်တမ်းထပ်မံတိုးရန်ဖြစ်သော်လည်းပဲ ပြန်လည်လျှောက်ထားခဲ့မှုမရှိခဲ့တဲ့အတွက် ပိုင်ဆိုင်မှုပြတ်တောက်ခဲ့ကြောင်း စိစစ်သိရှိရပါတယ်။ ၁၉၅၃ ခုနှစ်မှာ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့တဲ့အလျောက် ထိုစဉ်က နယ်မြေအခြေအနေအရ နိုင်ငံပိုင်ပြုလုပ်မှုလုပ်ငန်းစဉ် မဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ၁၉၆၃ ခုနှစ်မှာ လယ်ယာမြေ သီးစားချထားရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ သို့သော်လည်းပဲ စော်ဘွားဂရန်မြေကို ဂရန်သက်တမ်းကုန်ဆုံးသွားချိန် ၁၉၉၀ ပြည့်နှစ်မှာတော့ ပြန်လည်လျှောက်ထားမှုမရှိခဲ့တဲ့အပေါ် အဲဒီမြေအားလုံးဟာ မြေလွတ်၊ မြေရိုင်းများအဖြစ် ဆက်လက်တည်ရှိသွားခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ စော်ဘွားဂရန်မြေချထားစဉ်က ကိုယ်ပိုင်မြေတိုင်းစာရေးများနဲ့ တိုင်းတာခဲ့ရာမှာ မူလက ဧက ၃၀၀ လို့ဖော်ပြခဲ့ပေမဲ့ တိုင်းတာမှုစနစ် ကွာခြားချက်အရ လက်ရှိမြေပြင် ကွင်းဆင်းစိစစ်ချက်မှာ မြေတည်ရှိမှုအနေနဲ့ ၂၃၄ ဧကသာ ရှိပါတယ်။ ယင်း ၂၃၄ ဧကအနက်မှာ ၂၀၁၈ ခုနှစ်က ဘုရားရှိခိုးကျောင်းနဲ့ ကျမ်းစာကျောင်းမြေနေရာ ၁.၈၅ ဧက၊ ၂၀၁၀ ခုနှစ်မှာ အစိုးရစာသင်ကျောင်း ၁.၇၅ ဧကတို့ဟာ ၁၀ နှစ် မြေငှားဂရန်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ပန်ဝိုင်(အထက်)ကျေးရွာမြေအနေနဲ့ ၁၇.၆၃ ဧကရှိပါတယ်။ လက်ရှိစိုက်ပျိုးလုပ်ကိုင်ပြီး စိုက်ပျိုးမြေအဖြစ်တည်မြဲနေတဲ့ ဥယျာဉ်ခြံမြေ ၃၂.၇၇ ဧကဟာ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိမှာဥယျာဉ်ခြံစိုက်ပျိုး လုပ်ကိုင်လျက်ရှိပြီးတော့ ပုံစံ(၇)လျှောက်ထားခြင်းမရှိသေးတဲ့ ဧရိယာဟာ ၆၈ ဧကရှိပါတယ်။ ကျန်တဲ့ ၁၁၂ ဧကကတော့ မြေလွတ်မြေရိုင်းအဖြစ်တည်ရှိနေဆဲဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ စုစုပေါင်းမြေဧရိယာ ၂၃၄ ဧကအနက် မြေလွတ်၊ မြေရိုင်းဧရိယာ ၁၁၂ ဧက ကို လားဟူနှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးလာဇလုပါ ၄ ဦးကနေ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးလုပ်ကိုင်ခွင့်ရဖို့အတွက် လျှောက်ထားခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါလျှောက်ထားချက်အရ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ကနေ ၂၄ ရက်နေ့အတွင်းမှာ ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၊ ရှမ်းပြည်နယ်လယ်ယာမြေ

စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ကျိုင်းတုံခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ အဆင့်ဆင့် တင်ပြစိစစ်ချက်များအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုနိုင်ဖို့ အမှုတွဲတည်ဆောက်ဆောင်ရွက်ခဲ့မှုရှိကြောင်း တင်ပြအပ်ပါတယ်။ ဦးလာဇလုပါ ၄ ဦးရဲ့လျှောက်ထားချက်အပေါ် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျိုင်းတုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကန့်ကွက်လိုသူရှိပါက ရက်ပေါင်း ၃၀ အတွင်း(၂၈-၁၁-၂၀၁၇ မှ ၂၇-၁၂-၂၀၁၇ ထိ)ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်လွှာ ထုတ်ဆင့်ခဲ့ပါတယ်။ ယင်းအပေါ်မှာ ဦးထွန်းထွန်းလင်းပါ ၁၂ ဦးက ၈-၁၂-၂၀၁၇ ရက်စွဲနဲ့ ကန့်ကွက်လွှာ တင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။

ဦးလာဇလုပါ ၄ ဦးက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခဲ့မှုနှင့်ပတ်သက်ပြီး ဦးထွန်းထွန်းလင်းပါ ၁၂ ဦးမှ ကန့်ကွက်ခဲ့မှုရှိခဲ့တဲ့အလျောက် ကျိုင်းတုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ ၁၂ နှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ဦးလာဇလုပါ ၄ ဦးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်လျှောက်ထားခြင်းဟာ ဉယျာဉ်ခြံသီးနှံစိုက်ပျိုးလုပ်ကိုင်ရန် လျှောက်ထားခဲ့ခြင်းဖြစ်ပါတယ်။ ယင်းမြေကို သာသနာမြေအဖြစ် ပြန်လည်အသုံးပြုမယ်ဆိုရင်၊ အသုံးပြုဖို့အတွက်လျှောက်ထားမယ်ဆိုရင် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုံစံ(၄)နဲ့ သာသာနမြေအဖြစ် ပြန်လည်လျှောက်ထားရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးမြေအဖြစ် လျှောက်ထား၍မရပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အဆိုပါလျှောက်ထားမှုအပေါ်မှာ ကန့်ကွက်မှုရှိ/မရှိ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နမ္မတူမြို့နယ်၊ နမ့်မျှော်ကျေးရွာအုပ်စု၊ မန်မိုင်လွိုင်ငင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချမှတ်ဆောင်ရွက်ခဲ့သော (၇၉၀၀)ပေ ရေပိုက်၊ ရေကန်နှင့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းသည် ဘဏ္ဍာရေးနှစ်ကျော်လွန်သည်အထိ လုပ်ငန်းပြီးစီးမှုမရှိသည့်အတွက် မည်သို့ဆက်လက်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရှင်။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့မှာ ကျေးလက်ရေပေးရေးလုပ်ငန်းနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ နမ္မတူမြို့နယ်၊ နမ့်မျှော်ကျေးရွာအုပ်စုရှိ မန်မိုင်လွိုင်ငင်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ရေရရှိရေးအတွက် ရေပိုက်၊ ရေကန်နှင့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေ ၁၃.၃၁ သန်းဖြင့် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒေသရဲ့ရှိရင်းစွဲ ရေအရင်းအမြစ်အပေါ်အခြေခံပြီး ကျေးလက်သောက်သုံးရေရရှိရေးအတွက် ဦးစီးဌာနရဲ့တည်ဆောက်

ထားတဲ့လုပ်ငန်းစဉ်များကို ကြည့်ကြပါစို့လားရှင်။ ၂၀၁၄ ခုနှစ်မှာ စတင်တည်ဆောက်ပြီးတော့ ကျွန်မ ဒီမေးခွန်းကို စတင်တဲ့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့အထိ တွေ့ရတဲ့ ရေတားတမံပုံ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ အပြီးတည်ဆောက်ရမယ့်ရေကန်အတွက် စုဆောင်းထားတဲ့ အုတ်တွေကို ၆-၁၁-၂၀၁၇ ရက်နေ့မှာ တွေ့ရတဲ့ပုံဖြစ်ပါတယ်။ လေလွင့်နေတဲ့ ဘိလပ်မြေတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ လုပ်ငန်းရဲ့မည်သည့်ရာခိုင်နှုန်းကို ဆောင်ရွက်ပြီးစီးကြောင်းနဲ့ ဘဏ္ဍာရေးနှစ်ကျော်လွန်တဲ့အထိ လုပ်ငန်းပြီးစီးမှုမရှိတဲ့ ဒီလုပ်ငန်းရဲ့ဆက်စပ်ဘဏ္ဍာငွေတွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မည်သို့ဆက်လက်ဆောင်ရွက်ထားကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ လုပ်ငန်းကိုဆောင်ရွက်ခြင်းမရှိဘဲ ဘဏ္ဍာငွေအလေအလွင့်ဖြစ်နေစေခြင်းကို မည်သို့ဆက်လက်အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးရဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်၊ နမ့်မျှော်ကျေးရွာအုပ်စု၊ မန်မိုင်လွိုင်ငင်းကျေးရွာမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ရေရရှိရေးအတွက် ပေ ၇၉၀၀ ရေပိုက်၊ ရေကန်နှင့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းနဲ့စပ်လျဉ်းပြီး မေးခွန်းအပေါ် ပြန်လည်ဖြေကြားပေးပါ့မယ်။ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမေးမြန်းချက်အရ ဌာန အနေဖြင့် စိစစ်အရေးယူမှုပြုလုပ်နိုင်ခဲ့တဲ့အတွက် လုပ်ငန်းပြီးမြောက်အောင်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နမ္မတူမြို့နယ်၊ နမ့်မျှော်ကျေးရွာအုပ်စု၊ မန်မိုင်လွိုင်ငင်းကျေးရွာဟာဆိုရင် အိမ်ခြေ ၁၅ အိမ်၊ လူဦးရေ ၆၇ ဦးရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အဆိုပါကျေးရွာရေရရှိရေးလုပ်ငန်းများဖြစ်တဲ့ ပိုက်လိုင်းပေ ၇၉၀၀ သွယ်တန်းခြင်းလုပ်ငန်း၊ ၁၅ ပေ x ၁၀ ပေ x ၆ ပေ အရွယ် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်နဲ့ ၂၅ ပေ x ၃ ပေ x ၄ ပေ အရွယ်အစားရှိတဲ့ ရေတားတမံတစ်ခု တည်ဆောက်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ရန်ပုံငွေကျပ်သန်း ၁၃.၃၁ သန်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ စတင်လုပ်ငန်းအကောင်အထည်ဖော်တဲ့အခါမှာ ပိုက်လိုင်းပေ ၇၉၀၀ သွယ်တန်းခြင်းနဲ့ ၂၅ ပေ x ၃ ပေ x ၄ ပေ အရွယ်အစားရှိတဲ့ ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းကတော့ ရာနှုန်းပြည့်ပြီးစီးခဲ့ပါတယ်။ ဂါလန် ၅၀၀၀ ဆန့် ရေစုကန်အတွက်

ဘိလပ်မြေအိတ် ၅၀၊ အုတ်အချပ် ၃၀၀၀ နဲ့ သဲကျင်းနှစ်ကျင်းတို့ကို လုပ်ငန်းတည်ရာကျေးရွာကို ပေးပို့ခဲ့ပြီးတဲ့နောက်မှာ လုပ်ငန်းဆောင်ရွက်ခြင်းမရှိဘဲ ရပ်နားထားခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

လုပ်ငန်းတည်ဆောက်တဲ့ တာဝန်ခံအင်ဂျင်နီယာအနေနဲ့ နယ်မြေလုံခြုံရေးအခြေအနေအရ လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်းနှင့် နယ်မြေတည်ငြိမ်မှုရှိပါက လုပ်ငန်းပြီးစီးအောင် လာရောက်ဆောင်ရွက်ပေးမယ်ဆိုပြီးတော့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကတိကဝတ်ပြုခဲ့ပြီးတော့ တစ်ဖက်မှာလည်း ကျန်တဲ့လုပ်ငန်းအတွက် ရန်ပုံငွေကို လုပ်ငန်းပြီးစီးကြောင်းအထောက်အထားရယူပြီး ရန်ပုံငွေထုတ်ယူလက်ဝယ်ထားရှိကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နမ္မတူမြို့နယ်ဦးစီးမှူးအနေနဲ့ လုပ်ငန်းတည်ဆောက်စဉ်ကာလအတွင်း နှစ်ကြိမ်သာ ကွင်းဆင်းစစ်ဆေးနိုင်ခဲ့ပြီးတော့ အရည်အသွေးစစ်ဆေးရေးအဖွဲ့အနေနဲ့လည်း တစ်ကြိမ်သာကွင်းဆင်းစစ်ဆေးနိုင်ကြောင်း စိစစ်သိရှိရပါတယ်။ လုပ်ငန်းတည်ဆောက်ရာမှာ နယ်မြေလုံခြုံရေးအခြေအနေကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု မရှိခဲ့ရင်သော်လည်းကောင်း၊ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နိုင်မှုမရှိခဲ့ရင်သော်လည်းကောင်း လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်နိုင်ရေးအတွက် အခြေအနေအမှန်ကို အထက်ဌာနသို့ မှန်ကန်စွာစစ်ဆေးတင်ပြရမယ့်တာဝန်ရှိပါတယ်။ သို့သော်လည်းပဲ အဲဒီလိုတင်ပြဆောင်ရွက်ခြင်းမရှိခဲ့တာကို စစ်ဆေးတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအခြေအနေမှာ လုပ်ငန်းပြီးမြောက်ပြီး ဒေသခံပြည်သူများ သောက်သုံးရေရရှိနိုင်ဖို့အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးရုံးခွဲရဲ့ကြီးကြပ်မှုနဲ့ မူလလုပ်ငန်းတာဝန်ခံကို တာဝန်ယူစေပြီး ဆက်လက်တည်ဆောက်စေခဲ့ပါတယ်။ ယခုအခါမှာ လုပ်ငန်းအားလုံးပြီးစီးခဲ့ပြီးဖြစ်လို့ ကျေးရွာပြည်သူများ ရေရယူသုံးစွဲလျက်ရှိနေပြီ ဖြစ်ပါတယ်။

သို့သော်လည်းပဲ တစ်ဖက်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်နိုင်မှုမရှိခဲ့တဲ့အတွက်လည်းကောင်း၊ ကွင်းဆင်းကြီးကြပ်မှုအပိုင်းမှာ အားနည်းခဲ့တဲ့အတွက်ကြောင့်လည်းကောင်း ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းပြီး စစ်ဆေးဆောင်ရွက်မှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။ နောင်ကို အလားတူကိစ္စရပ်မျိုးမဖြစ်ပေါ်စေဖို့အတွက်လည်း ဌာနအနေနဲ့ အထူးကြပ်မတ်စီမံဆောင်ရွက်သွားဖို့အတွက် ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး အရေးယူမှုအပိုင်းမှာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာကို ရာထူးမှထုတ်ပယ်ခဲ့ပြီးဖြစ်ပါတယ်။ နမ္မတူမြို့နယ်ဦးစီးမှူးကို ရာထူးတစ်ဆင့်လျှော့ချပါတယ်။ အရည်အသွေးစစ်ဆေးတဲ့အဖွဲ့ဝင်များကို ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခဲ့ပါတယ်။ ခရိုင်ဦးစီးမှူးကို နှစ်တိုးလစာရပ်ဆိုင်းခြင်းနဲ့ ပြည်နယ်ရုံးခွဲဦးစီးမှူးကိုတော့ စာဖြင့်သတိပေးခြင်းစတဲ့ ပြစ်ဒဏ်အသီးသီး ချမှတ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တစ်ဖက်မှာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ နမ္မတူမြို့နယ်၊ နမ့်မျှော်ကျေးရွာအုပ်စု၊ မန်မိုင်လွိုင်ငင်းကျေးရွာမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်တဲ့ ရေရရှိရေးလုပ်ငန်းဆိုရင် ယခုအခါမှာ လုပ်ငန်းများပြီးစီးတဲ့အတွက် ဒေသခံပြည်သူများ ရေရယူသုံးစွဲလျက်ရှိနေပြီဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့မှုမရှိခဲ့တဲ့

တာဝန်ရှိသူအသီးသီးကိုလည်းပဲ နိုင်ငံ့ဝန်ထမ်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းခမ်းအေး(နမ့်တူမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါ။ ဒုတိယဝန်ကြီးဖြေကြားသွားတာနဲ့ပတ်သက်ပြီးတော့ မြေပြင်အခြေအနေနှင့် ကွဲလွဲမှုရှိနေပါတယ်။ ဝန်ကြီးရဲ့ဖြေကြားမှုဟာ မြေပြင်အခြေအနေအတိုင်း ရှိနေမယ်ဆိုရင် ကျွန်မဒီဆက်စပ်မေးခွန်းကို မေးစရာအကြောင်းမရှိပါဘူး။ အဲဒီကွဲလွဲမှုကို သက်သေပြနိုင်ရန်အတွက် ကျွန်မကို Power Point သုံးခွင့်ပြုပါရှင်။ အခုနက ဝန်ကြီးဖြေသွားတဲ့ ၂၅ ပေ x ၃ ပေ x ၄ ပေ ဆိုတဲ့ ရေတားတမံပါ။ ဘယ်လိုနည်းနဲ့မှ ၂၅ ပေ မရှိဘူးဆိုတာကို ခန့်မှန်းနိုင်မှာ ဖြစ်ပါတယ်။ ရေတားတမံရဲ့အရှေ့ဘက်မှာ ရေတွေစီးထွက်နေတာကို မြင်ရမှာ ဖြစ်ပါတယ်။ မြေသားတမံရဲ့အတွင်းပိုင်းပုံဖြစ်ပါတယ်။ အဲဒီလိုလိုအပ်ချက်တွေများပြားနေတဲ့ ရေတားတမံတစ်ခုဟာ ရေကိုသိုလှောင်နိုင်ခြင်းမရှိတာကို တွေ့ရှိရမှာပါ။ အဲဒါအပြင် အခုနက ဝန်ကြီးဖြေဆိုသွားတဲ့ ၇၉၀၀ ပေဆိုတာလည်း တကယ်တမ်းမရှိပါဘူး။ ပေ ၁၀၀၀ ကျော်ပဲရှိပါတယ်။ အခုနက ကျွန်မပြထားတဲ့ ပိုက်တွေဟာဆိုလို့ရှိရင် အဲဒီရေတားတမံ ရေသွယ်ယူမှုလုပ်ငန်းတည်ဆောက်ပြီး ပိုနေတဲ့ပိုက်တွေဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ဥပဒေပြုရေးအာဏာနဲ့ အုပ်ချုပ်ရေးအာဏာတို့ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရမယ်ဆိုပြီး ပါရှိထားသော်လည်းပဲ အခုလိုတည်ဆောက်မှုလုပ်ငန်းအသေးစားလေးတစ်ခုကိုတောင်မှ ထပ်ခါထပ်ခါ ဒီလိုပြန်ပြီးတော့ ထိန်းကျောင်းနေရတယ်ဆိုတာဟာ သက်ဆိုင်ရာဌာနရဲ့အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးအားနည်းချက်ရှိတယ်ဆိုတာကို ဖော်ညွှန်းနေပါတယ်။ ပြီးတော့ အဲဒီလို ရေယိုနေတယ်ဆိုတာကို ဒီဇင်ဘာလကတည်းက သက်ဆိုင်ရာဌာနကို ကျေးရွာက အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ အခုအချိန်အထိ ပြန်လည်ပြင်ဆင်ပေးခြင်းမရှိတဲ့အတွက်ကြောင့် အဲဒီရွာဟာ သောက်သုံးရေလုံလောက်မှုမရှိတာကိုလည်း သိရှိရပါတယ်။ အဲဒါကြောင့် ဒီလုပ်ငန်းနဲ့ပတ်သက်တဲ့ မြို့နယ်အဆင့်ကနေပြီးတော့ သက်ဆိုင်ရာဌာနအသီးသီးမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်အဖွဲ့အစည်းတွေကို နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ မည်သို့ထပ်မံအရေးယူဆောင်ရွက်ပေးမှာကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနဲ့စပ်လျဉ်းပြီး ဦးစွာကျေးဇူးတင်ရှိပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ စံချိန်စံညွှန်းများနှင့်ညီညွတ်မှုရှိ/မရှိကို မိမိတို့ရုံးချုပ်အဆင့်ကနေ အထူးအဖွဲ့ဖွဲ့ပြီးတော့ ပြန်လည်ကွင်းဆင်းစစ်ဆေးပေးပြီးတော့ ဒီစစ်ဆေးမှုရရှိချက်အပေါ်မှာမူတည်ပြီးတော့ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ တာဝန်ရှိသူကို တာဝန်ရှိတဲ့အလျောက် ပြန်လည်အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်

ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်တဲ့မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ အစိုးရ၏အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်တင်ရီ(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ)**။ ။ အားလုံးပဲ မင်္ဂလာပါရှင့်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် ကော်မတီ၏ တာဝန်ပေးချက်အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ပဉ္စမပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ပြန်လည်ဖြေကြားချက်များအပေါ် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဆောင်ရွက်ထားရှိမှု အစီရင်ခံစာ(၁/၂၀၁၈)ကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြသွားမှာဖြစ်ပါတယ်ရှင်။ ယင်းအစီရင်ခံစာ၏မိတ္တူများနှင့် DVD ခွေများကို ကိုယ်စားလှယ်တော်ကြီးများအား ကြိုတင်ဖြန့်ဝေထားပြီးဖြစ်၍ အချိန်ကိုငဲ့ညှာသောအားဖြင့် အကျဉ်းချုံ့ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်ရှင်။ ဤအစီရင်ခံစာတွင် နိဒါန်း၊ ရည်ရွယ်ချက်၊ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ၊ သုံးသပ်ချက်များနှင့် အကြံပြုချက်၊ နိဂုံးများ စသည်ဖြင့် ၁၆ ချက်တို့အနက်မှ အဓိကအချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်ရှင့်။

ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို ၁၈-၅-၂၀၁၇ နေ့မှ ၃၁-၈-၂၀၁၇ နေ့အထိ (၅၄)ရက် ကျင်းပခဲ့ပြီး ကော်မတီအစည်းအဝေးကို (၃၄)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ပဉ္စမပုံမှန်အစည်းအဝေးတွင် အဆို ၂၃ ခုတင်သွင်းခဲ့ရာမှ အတည်ပြုအဆို ၁၁ ခုနှင့် မှတ်တမ်းတင်အဆို ကိုးခု၊ မှတ်တမ်းတင်စောင့်ကြည့်အဆို သုံးခုရှိခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်း ၃၁၀ တွင် ကတိဖြစ်ခဲ့သည့်မေးခွန်းမှာ ၅၃ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၉၅၅ ခုတွင် ကတိဖြစ်ခဲ့သည်မှာ ၃၀၅ ခုရှိပါသည်။ ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန်နှင့် ပဉ္စမပုံမှန်အစည်းအဝေးများတွင် အတည်ပြုခဲ့သည့်အဆိုများ၊ ကတိဖြစ်ခဲ့သည့်ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုအခြေအနေဇယားကို နောက်ဆက်တွဲ(င)ဖြင့်

ဖော်ပြထားပါသည်။ ထို့အပြင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ဖြေကြားချက်များကိုလည်း DVD အဖြစ် ပူးတွဲဖြန့်ဝေထားပါသည်။

လွှတ်တော်တွင် ကတိဖြစ်ခဲ့သောမေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအချို့၏ ဆောင်ရွက်ချက်၊ အားနည်းနေမှုအပေါ် လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်က တင်ပြလာသဖြင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များကို ကော်မတီသို့ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် လိုအပ်ချက်အရ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကိုပင် ဖိတ်ကြား၍ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန်နှင့် ပဉ္စမပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သည့်အဆိုများနှင့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများကို နေ့စဉ်မှတ်တမ်းတင်စိစစ်ပြီး မေးခွန်းများနှင့်ပတ်သက်၍ စိစစ်ရေးအဖွဲ့၊ အဆိုနှင့်ပတ်သက်သည့်အချက်အလက်များစိစစ်ရေးအဖွဲ့နှင့် လုပ်ငန်းလက်ကျန်စိစစ်ရေးအဖွဲ့တို့မှာ ဤအစီရင်ခံစာအပေါ် သဘောတူညီကြောင်း လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရှိပါသည်။

သုံးသပ်ချက်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ဆောင်ရွက်နေခြင်းကြောင့် လုပ်ငန်းများ နှောင့်နှေးနေခြင်း၊ ဌာနတစ်ခုနှင့်တစ်ခုအကြား လုပ်ငန်းအပြောင်းအလဲများကြောင့် ဖြစ်ပေါ်လာသော အခက်အခဲများကို တာဝန်ခံဖြေရှင်းနိုင်မှုအားနည်းခြင်း။ ကော်မတီမှ လွှတ်တော်အစည်းအဝေးတစ်ခုပြီးတိုင်းတွင် ဝန်ကြီးဌာနများအား ကတိပြုထားသည့် လုပ်ငန်းကိစ္စရပ်များ မည်ကဲ့သို့ ဆောင်ရွက်ထားရှိသည်ကို မေးမြန်းစိစစ်ပြီးနောက် ခိုင်လုံသည့်အကြောင်းပြချက်မပေးနိုင်သော လုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိမည်သို့ ဆောင်ရွက်ထားရှိသည်ကို သတ်မှတ်ချိန်အတွင်း ကော်မတီသို့ ပြန်လည်အကြောင်းကြားရာတွင် ကြန့်ကြာနေခြင်း၊ ကော်မတီသို့ လကုန်ရက်တွင် ပေးပို့ရမည့်လုပ်ငန်းပြီးစီးကြောင်း လစဉ်အစီရင်ခံစာကို ဝန်ကြီးဌာနအချို့က ပေးပို့ရန် ပျက်ကွက်နေခြင်း၊ ကော်မတီ၏ လုပ်ထုံးလုပ်နည်းများကို နားလည်ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များကိုသာ စေလွှတ်ပေးရန်အကြံပြုချက်ကို ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အချို့တို့မှ လိုက်နာမှု မရှိခြင်း၊ လုပ်ငန်းလိုအပ်ချက်နှင့် လုပ်ငန်းပကတိအနေအထား ကွာဟချက်များကို လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင်က ကော်မတီသို့ တင်ပြလာသည့်အတွက် ကော်မတီအနေဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိနေခြင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ပဉ္စမပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ခဲ့သော လုပ်ငန်းအချို့သည် ဆောင်ရွက်ဆဲ စာရင်းတွင် ထည့်သွင်းထားရခြင်းမှာ (က) ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်နေသည့်အခြေအနေ၊ (ခ) လုပ်ငန်းများရာခိုင်နှုန်းပြည့် ပြီးစီးရန် ဆောင်ရွက်နေဆဲအခြေအနေ၊ (ဂ) ဘတ်ဂျက်ရရှိပြီးလုပ်ငန်းအကောင်အထည်ဖော်ရန်စတင်နေဆဲအခြေအနေ၊ (ဃ) လုပ်ငန်းများအတွက် ဘတ်ဂျက်တောင်းခံထားဆဲ အခြေအနေကိုမူတည်၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။

အကြံပြုချက်။ ကော်မတီမှ ကတိအဖြစ် သတ်မှတ်နိုင်စေရန်အတွက် ဝန်ကြီးဌာနများအနေဖြင့် မေးခွန်းများကို ဖြေဆိုရာတွင် လုပ်ငန်းဆောင်ရွက်ပေးမည့် ဘတ်ဂျက်နှစ်(ဘဏ္ဍာရေးနှစ်)ကို တိုက်ရိုက်

တိကျစွာဖြေကြားပေးရန် အကြံပြုအပ်ပါသည်။ ပုံမှန်အစည်းအဝေးများတွင် ဝန်ကြီးဌာနအလိုက် ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်း၊ အတည်ပြုအဆိုများနှင့်ပတ်သက်၍ ကတိဖြစ်ခဲ့သည့်အတိုင်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ရန် ထပ်မံအကြံပြုအပ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံကိန်းရေးဆွဲရာတွင် ဘတ်ဂျက်၌ ဦးစားပေးထည့်သွင်းရေးဆွဲပေးရန် ထပ်မံအကြံပြုအပ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းများမေးမြန်းရာတွင် လိုအပ်ချက်ဖြစ်သည့် ကိစ္စရပ်တစ်ခုကိုသာအဓိကထား၍ လိုရင်း၊တိုရှင်း မေးမြန်းသင့်ကြောင်း အကြံပြုအပ်ပါသည်။ သို့မှသာ ကတိအဖြစ်သတ်မှတ်ရာတွင် ရှင်းလင်းတိကျသည့် ဖြေကြားချက်အပေါ် မူတည်၍ သတ်မှတ်နိုင်မည် ဖြစ်ပါသည်။

နိဂုံး။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၉၆၊ ပုဒ်မ ၉၈ တို့အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ခံခဲ့သော လုပ်ငန်းကိစ္စရပ်အသီးသီးကို စိစစ်ဆောင်ရွက်ရသည့်အတွက် ပုံမှန်အစည်းအဝေးအကြိမ်ရေများလာသည်နှင့်အမျှ လုပ်ငန်းအရေအတွက်သည်လည်း များပြားလာမည်ဖြစ်ရာ ထိုသို့လုပ်ငန်းအခြေအနေစိစစ်ရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းလျက် ပြည်သူ့လူထုအကျိုးရှိမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျမှန်မှန်ကန်ကန် ပေါ်ထွက်လာစေရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၁၀၀ အရ ဤအစီရင်ခံစာ(၁/၂၀၁၈)ကို လွှတ်တော်သို့ တင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ ပဉ္စမပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ပြန်လည် ဖြေကြားချက်များအပေါ် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဆောင်ရွက်ထားရှိမှု အစီရင်ခံစာ (၁/၂၀၁၈)**

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅(က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၄ ၊ နည်းဥပဒေ ၉၆၊ ၉၇၊ ၉၈၊ ၁၀၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်သူ့လွှတ်တော်သည် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအား လွှတ်တော်တွင်ဖြေကြားခဲ့သော မေးခွန်းများ၊အဆိုများတွင် ကတိပြုခဲ့သော အာမခံချက်များ၊ တာဝန်ခံချက်များအပေါ်၌ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ (၉၆)အရ မည်သည့် အခြေအနေအထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဖြစ်သည်ကို လည်းကောင်း၊

သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှု ရှိ/မရှိ တို့ကိုလည်းကောင်း၊ သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အစည်းတို့အား တွေ့ဆုံစိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ ပဥ္စမပုံမှန်အစည်းအဝေးထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းသည့်မေးခွန်းများ၊ တင်သွင်းသည့်အဆိုများအနက်မှ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ယူခဲ့သည့် လုပ်ငန်းများအား မည်သို့မည်ပုံ ဆောင်ရွက်ထားရှိသည်ကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံ တင်ပြရန် ဖြစ်ပါသည်။

**ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ**

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကို ၁၈-၅-၂၀၁၇ ရက်နေ့မှ ၃၁-၈-၂၀၁၇ ရက်နေ့ထိ (၅၄)ရက် ကျင်းပခဲ့ပြီး ကော်မတီအစည်းအဝေးကို (၃၄)ကြိမ် ပြုလုပ်ခဲ့ပါ သည်။ ပဥ္စမပုံမှန်အစည်းအဝေးတွင် အဆို(၂၃)ခု တင်သွင်းခဲ့ရာမှ အတည်ပြု အဆို (၁၁)ခုနှင့် မှတ်တမ်းတင်အဆို (၉)ခု၊ မှတ်တမ်းတင် စောင့်ကြည့်အဆို (၃)ခု ရှိခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်း (၃၁၀)ခုတွင် ကတိဖြစ်ခဲ့သည့် မေးခွန်းမှာ (၅၃)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၉၅၅)ခုတွင် ကတိဖြစ်ခဲ့သည်မှာ (၃၀၅) ခု ရှိပါသည်။

ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန်နှင့် ပဥ္စမပုံမှန် အစည်းအဝေးများ တွင် အတည်ပြုခဲ့သည့် အဆိုများ၊ ကတိဖြစ်ခဲ့သည့် ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှု အခြေအနေပြဇယားကို **နောက်ဆက်တွဲ ( င ) ဖြင့်** ဖော်ပြ ထားပါသည်။ထို့အပြင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များကိုလည်း **DVD ချပ်** ဖြင့် ပူးတွဲဖြန့်ဝေထားပါသည်။

၄။ လွှတ်တော်တွင် ကတိဖြစ်ခဲ့သောမေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ဝန်ကြီးဌာန အချို့၏ဆောင်ရွက်ချက်အားနည်းနေမှုအပေါ် လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်က တင်ပြလာ သဖြင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များကို ကော်မတီသို့ ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် လိုအပ်ချက်အရ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကိုပင် ဖိတ်ကြား၍ လုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန် နှင့် ပဥ္စမပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သည့် အဆိုများနှင့် ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ မေးခွန်းများကို နေ့စဉ် မှတ်တမ်းတင်စိစစ်ပြီး မေးခွန်းများနှင့်ပတ်သက်၍ စိစစ်ရေးအဖွဲ့၊ အဆိုနှင့် ပတ်သက်သည့် အချက်အလက်များ စိစစ်ရေးအဖွဲ့နှင့် လုပ်ငန်းလက်ကျန် စိစစ်ရေးအဖွဲ့တို့မှ ဤအစီရင်ခံစာအပေါ် သဘောတူညီကြောင်း လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိပါသည်။

**(နောက်ဆက်တွဲ - က)**

**သုံးသပ်ချက်**

၆။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီး ဌာနအောက်သို့ ပြောင်းရွှေ့ဆောင်ရွက်နေခြင်းကြောင့် လုပ်ငန်းများနှောင့်နှေးခြင်း၊ ဌာနတစ်ခုနှင့် တစ်ခုအကြား လုပ်ငန်းအလွှဲအပြောင်းများကြောင့် ဖြစ်ပေါ်လာသောအခက်အခဲများကို တာဝန်ခံ ဖြေရှင်းပေးနိုင်မှု အားနည်းခြင်း၊ **(နောက်ဆက်တွဲ - ခ )**

၇။ ကော်မတီမှ လွှတ်တော်အစည်းအဝေး တစ်ခုပြီးတိုင်းတွင် ဝန်ကြီးဌာနများအား ကတိပြု ထားသည့် လုပ်ငန်းကိစ္စရပ်များ မည်ကဲ့သို့ ဆောင်ရွက်ထားရှိသည်ကို မေးမြန်းစိစစ်ပြီးနောက် ခိုင်လုံသည့် အကြောင်းပြချက်မပေးနိုင်သော လုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိမည်သို့ ဆောင်ရွက် ထားရှိသည်ကို သတ်မှတ်ချိန်အတွင်း ကော်မတီသို့ ပြန်လည်အကြောင်းကြားရာတွင် ကြန့်ကြာ နေခြင်း၊ **(နောက်ဆက်တွဲ - ဂ )**

၈။ ကော်မတီသို့ လကုန်ရက်တွင် ပေးပို့ရမည့် လုပ်ငန်းပြီးစီးကြောင်း လစဉ် အစီရင်ခံစာကို ဝန်ကြီးဌာနအချို့က ပေးပို့ရန် ပျက်ကွက်နေခြင်း၊

၉။ ကော်မတီ၏ လုပ်ထုံးလုပ်နည်းများကို နားလည်ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များကိုသာ စေလွှတ်ပေးရန် အကြံပြုချက်ကို ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အချို့တို့မှ လိုက်နာမှု မရှိခြင်း၊

၁၀။ လုပ်ငန်းလိုအပ်ချက်နှင့် လုပ်ငန်းပကတိအနေအထား ကွာဟချက်များကို လွှတ်တော် ကိုယ်စားလှယ်များကိုယ်တိုင်က ကော်မတီသို့ တင်ပြလာသည့်အတွက် ကော်မတီအနေဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိနေခြင်း၊ **(နောက်ဆက်တွဲ - ဃ )**

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ပဉ္စမပုံမှန်အစည်းအဝေး အထိ ကတိဖြစ်ခဲ့သော လုပ်ငန်းအချို့သည် ဆောင်ရွက်ဆဲ စာရင်းတွင် ထည့်သွင်းထားရခြင်းမှာ-

(က) ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်နေသည့် အခြေအနေ၊

(ခ) လုပ်ငန်းများရာခိုင်နှုန်းပြည့် ပြီးစီးရန် ဆောင်ရွက်နေဆဲအခြေအနေ၊

(ဂ) ဘတ်ဂျက်ရရှိပြီးလုပ်ငန်းအကောင်အထည်ဖော်ရန်စတင်နေဆဲအခြေအနေ၊

(ဃ) လုပ်ငန်းများအတွက် ဘတ်ဂျက်တောင်းခံထားဆဲ အခြေအနေတို့အပေါ် မူတည်၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။

**အကြံပြုချက်**

၁၂။ ကော်မတီမှ ကတိအဖြစ် သတ်မှတ်နိုင်စေရန်အတွက် ဝန်ကြီးဌာနများအနေဖြင့် မေးခွန်း များကို ဖြေဆိုရာတွင် လုပ်ငန်းဆောင်ရွက်ပေးမည့် ဘတ်ဂျက်နှစ် (ဘဏ္ဍာရေးနှစ်)ကို တိုက်ရိုက် တိကျစွာ ဖြေကြားပေးရန် အကြံပြုအပ်ပါသည်။

၁၃။ ပုံမှန်အစည်းအဝေးများတွင် ဝန်ကြီးဌာနအလိုက် ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်း၊ အတည်ပြုအဆိုများနှင့် ပတ်သက်၍ ကတိဖြစ်ခဲ့သည့်အတိုင်း သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ရန် ထပ်မံအကြံပြုအပ်ပါသည်။

၁၄။ လွှတ်တော် ကိုယ်စားလှယ်များ၏ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်း များအား သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံကိန်းရေးဆွဲရာတွင် ဘတ်ဂျက်၌ ဦးစားပေး ထည့်သွင်း ရေးဆွဲပေးရန် ထပ်မံအကြံပြုအပ်ပါသည်။

၁၅။ လွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းများ မေးမြန်းရာတွင် လိုအပ်ချက်ဖြစ်သည့် ကိစ္စရပ်တစ်ခုကိုသာ အဓိကထား၍ လိုရင်း၊တိုရှင်း မေးမြန်းသင့်ကြောင်း အကြံပြုအပ်ပါသည်။ သို့မှသာ ကတိအဖြစ် သတ်မှတ်ရာတွင် ရှင်းလင်းတိကျသည့် ဖြေကြားချက်အပေါ် မူတည်၍ သတ်မှတ်နိုင်မည် ဖြစ်ပါသည်။

## နိဂုံး

၁၆။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ(၉၆) ပုဒ်မ(၉၈)တို့အရ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ခံခဲ့သော လုပ်ငန်းကိစ္စရပ် အသီးသီးကို စိစစ် ဆောင်ရွက်ရသည့်အတွက် ပုံမှန်အစည်းအဝေး အကြိမ်ရေများလာသည်နှင့်အမျှ လုပ်ငန်းအရေ အတွက်သည်လည်း များပြားလာမည်ဖြစ်ရာ ထိုသို့လုပ်ငန်းအခြေအနေ စိစစ်ရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းလျက် ပြည်သူ့လူထု အကျိုးရှိမည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ စနစ်တကျ မှန်မှန် ကန်ကန် ပေါ်ထွက်လာစေရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၁၀၀)အရ ဤအစီရင်ခံစာ (၁/၂၀၁၈)ကို လွှတ်တော်သို့ တင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်မျာ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေး လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၂-၃-၂၀၁၈ ရက်နေ့(တနင်္လာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၇-၃-၂၀၁၈ရက်တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ဝ၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၁၃၅

ရက်စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ မတ် လ ၈ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြေမြင်ချမ်းစွာစုဝေးခြင်းနှင့် မြေမြင်ချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၇-၃-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၈ -၁၆၃

၁။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃) (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)ကတင်သွင်းသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၉-၂-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၇-၃-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များဖြင့် ပြင်ဆင်ရေးဆွဲ လာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်-

(က) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်၍ ဆန္ဒဖော်ထုတ်ရာတွင် ဥပဒေ၏ အကာအကွယ်ကို အခွင့်အရေးအဖြစ် အသုံးပြု၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို သိလျက်နှင့် တမင်အဖျက်အမှောင့် လုပ်ရပ်များဖြင့် နှောက်ယှက် ဖျက်ဆီးမည့် အန္တရာယ်မှ ကာကွယ်ဟန့်တားရန် လိုအပ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ဆန့်ကျင် ခြင်းမရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းကို အသုံးပြုရန် လိုအပ် ခြင်း။

မူကြမ်း

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၈-၃-၂၀၁၈ ရက် ကြာသပတေးနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီသောအချက်များနှင့် သဘောတူညီမှုမရှိဘဲ ပြင်ဆင်လိုသောအချက်များကို ကန့်လန့်ဖြတ်ဇယားဖြင့်ရှင်းလင်းစွာဖော်ပြထားပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါ၍ အချိန်ကိုငဲ့ကွက်သောအားဖြင့် ဖတ်ကြားခြင်းမပြုတော့ပါ။

၄။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းရှိ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၈ နှင့် စပ်လျဉ်း၍ အလေးအနက် စိစစ်ဆောင်ရွက်သင့်ကြောင်း တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်မှ တင်ပြခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်အများစုက သဘောတူညီကြသဖြင့် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၁၃၅

ရက်စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ မတ် လ ၈ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြေမြင်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၇-၃-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၈ -၁၆၃

၁။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃) (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)ကတင်သွင်းသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၉-၂-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၇-၃-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များဖြင့် ပြင်ဆင် ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်-

(က) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်၍ ဆန္ဒဖော်ထုတ်ရာတွင် ဥပဒေ၏အကာအကွယ်ကို အခွင့်အရေးအဖြစ် အသုံးပြု၍ နိုင်ငံတော်နှင့် နိုင်ငံသား တို့၏ အကျိုးစီးပွားကို သိလျက်နှင့် တမင်အဖျက်အမှောင့် လုပ်ရပ်များဖြင့် နှောက်ယှက် ဖျက်ဆီးမည့် အန္တရာယ်မှ ကာကွယ်ဟန့်တားရန် လိုအပ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားတိုင်း သည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ဆန့်ကျင်

ခြင်းမရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းကို အသုံးပြုရန် လိုအပ်ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၈-၃-၂၀၁၈ ရက် ကြာသပတေးနေ့ တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဤပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၆)ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၆)ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) အပိုဒ် ၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၄။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ အခန်း(၇) ပြစ်မှုနှင့်ပြစ်ဒဏ်များခေါင်းစဉ်၏အောက်တွင် ပုဒ်မ ၁၈ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၁၈။ မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားတို့ကို ပျက်ပြားစေရန် အကြံဖြင့်ဖြစ်စေ၊ ထိုသို့ပျက်ပြားတန်ရာသော အခြေအနေဖြစ်နိုင်ကြောင်း သိလျက်နှင့်ဖြစ်စေ ငွေ သို့မဟုတ် ပစ္စည်းကိုသော်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုကိုသော်လည်းကောင်း အသုံးပြု၍ သူတစ်ဦးဦးအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း သို့မဟုတ် တိုက်တွန်းခြင်းကိုပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ဃ) အသစ်ဖြည့်စွက်ချက် အပိုဒ် ၆ ရှိ ပုဒ်မ ၂၀ တွင် ပါရှိသော တမင်မမှန်မကန် ဖော်ပြ၍ဖြစ်စေ ဆိုသည့်စကားရပ်ကို မမှန်မကန် ဖော်ပြ၍ဖြစ်စေဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၆ ခြေဆင်းကို အပိုဒ် ၇ ခြေဆင်းအဖြစ် ပြင်ဆင်ပြီး အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိပါသည်။

(စ) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၇ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး အဆိုပြုပြဋ္ဌာန်းချက် အတိုင်း ထားရှိပါသည်။

(ဆ) အပိုဒ် ၆ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၇ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး အဆိုပြုပြဋ္ဌာန်းချက် အတိုင်း ထားရှိပါသည်။

၄။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းရှိ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၈ နှင့်စပ်လျဉ်း၍ အလေးအနက် စိစစ်ဆောင်ရွက် သင့်ကြောင်း တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်မှ တင်ပြခဲ့ ပါသည်။

၅။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်အများစုက သဘောတူညီ ကြသဖြင့် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၃-၃-၂၀၁၈ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကို ကျွန်တော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တင်ပြ သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လုပ်ငန်းခွင်

ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းတင်သွင်းရတဲ့ ရည်ရွယ်ချက်များ ကတော့ ကျွန်တော်တို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်မှာ ရှိတဲ့ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စိစစ်ရေးဦးစီးဌာနဟာ လုပ်ငန်းကဏ္ဍအသီးသီးမှာ အလုပ်သမားများရဲ့လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများမဖြစ်ပွားစေရန် တားဆီးကာကွယ်ခြင်းဖြင့် လုပ်ငန်းခွင်မှာ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာစွာလုပ်ကိုင်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒါ့အပြင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများကို နိုင်ငံတကာမှ လက်ခံကျင့်သုံး ဆောင်ရွက်မှုများနှင့်အညီ သတ်မှတ်ပြီးတော့မှ ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီးတော့မှ ကျွန်တော်တို့ ဒီဥပဒေကြမ်းကို ပြုစုခဲ့တာဖြစ်ပါတယ်။ အဆိုပါဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့မှ အတည်ပြုပြဌာန်းနိုင်ရေးအတွက်ကို လည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်များ တောင်းခံခဲ့ပါတယ်။ သက်ဆိုင်ရာဆက်စပ်တဲ့ဝန်ကြီးဌာနများကိုလည်းပဲ သဘောထားမှတ်ချက်များ တောင်းခံခဲ့ပါတယ်။ ဌာနအသီးသီးက ပေးပို့လာတဲ့ သဘောထားမှတ်ချက်များနဲ့အညီ အထက်ဌာနအဆင့်ဆင့်သို့ တင်ပြပြင်ဆင်မှုများလည်း ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၇)မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရန် မူအားဖြင့် သဘောတူညီခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကိုလွှတ်တော်သို့တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဥပဒေကြမ်းကို အသစ်ပြဋ္ဌာန်းနိုင်ရေးအတွက်ကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးပါထန်း ဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၁၂၆

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း၊**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၁-၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၇၄)/ ပထစ-၂၀၁၇

၁။ ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဥပဒေကြမ်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသည် လုပ်ငန်းကဏ္ဍအသီးသီး၌ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများမဖြစ်ပွားစေရန် ကာကွယ်တားဆီးခြင်းနဲ့ လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာသန့်စွမ်းစွာလုပ်ကိုင်နိုင်ရန်၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများကို နိုင်ငံတကာမှ ကျင့်သုံးဆောင်ရွက်မှုများနှင့်အညီ သတ်မှတ်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သောလုပ်ငန်းခွင်များ ဖြစ်ပေါ်လာစေရန်၊

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၈-၃-၂၀၁၇ ရက်နေ့၊ ၄-၆-၂၀၁၇ ရက်နေ့နဲ့ ၂၇-၂-၂၀၁၈ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် လယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နဲ့ ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဥပဒေကြမ်းနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များထံ ဥပဒေကြမ်းအသေးစိတ်ကို ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက်ကြောင့် အချိန်ကိုငဲ့ညှာသောအားဖြင့် ဖတ်ကြားခြင်းမပြုတော့ပါ။

၄။ သို့ဖြစ်ပါ၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၁၂၆

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၁-၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၇၄)/ပထစ - ၂၀၁၇

၁။ ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာသော လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲထားခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနသည် လုပ်ငန်းကဏ္ဍအသီးသီး၌ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ မဖြစ်ပွား စေရန် ကာကွယ်တားဆီးခြင်းဖြင့် လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာစွာ လုပ်ကိုင်နိုင်ရန်၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာစံချိန်စံညွှန်းများကို နိုင်ငံတကာမှ ကျင့်သုံးဆောင်ရွက်မှုများနှင့်အညီသတ်မှတ်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်များ ဖြစ်ပေါ်လာစေရန်။

မူကြမ်း

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၈-၃-၂၀၁၇ ရက်၊ ၄-၆-၂၀၁၇ ရက်နှင့် ၂၇-၂-၂၀၁၈ ရက် တို့တွင် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းတွင် အခန်း (၁၇) ခန်းနှင့် အပိုဒ်ပေါင်း ၇၆ ပိုဒ် ပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

( ဂ) အခန်း(၁) အပိုဒ် ၁ အပိုဒ်ခွဲ(ခ) ရှိ စတင်အာဏာတည်ရမည် ဆိုသည့် စကားရပ်ကို စတင်အာဏာတည်စေရမည် ဟု ပြင်ဆင်ပါ သည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(က) ရှိ အသုံးပြုပြီး လုပ်ကိုင်၍ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်း ကျောင်းမှု ပြုသူကိုဆိုသည် ဆိုသည့်စကားရပ်ကို အသုံးပြုပြီး လုပ်ကိုင်သူကို ဆိုသည်” ဟု ပြင်ဆင်ပါသည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

(ခ) အလုပ်ရှင် ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သော လုပ်ငန်းနှင့် ယင်းလုပ်ငန်း ၏ လုပ်ငန်းခွင်တစ်ခုခုတွင် အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအတွက် ခွင့်ပြုထားသော ခံစားခွင့်နှင့် အလုပ်ရှင်အတွက် သတ်မှတ်ထားသော တာဝန် များကိုဆောင်ရွက်ပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်း တည်ထောင်သူ၊ ပင်မကန်ထရိုက်တာနှင့် တစ်ဆင့်ခံကန်ထရိုက်တာ၊ ကိုယ်တိုင် လုပ်ကိုင်သူ၊ အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင် ၏အမွေဆက်ခံသူ၊ အစုရှယ်ယာ တရားဝင်လက်ခံရရှိသူ၊ ကုမ္ပဏီ၊ ကော်ပိုရေးရှင်း၊

ဖက်စပ်လုပ်ငန်း တစ်ခုခုဖြစ်ပါက ဤဥပဒေပါ အလုပ်ရှင်တာဝန်များကို ဆောင်ရွက်ပေးရန် မှတ်ပုံတင်အမည်စာရင်းတင်သွင်းသူတို့ ပါဝင်သည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) လုပ်ငန်းခွင် ဆိုသည်မှာ အခန်း(၃) ပါ လုပ်ငန်းတစ်ခုခု၏ မည်သည့် လုပ်ငန်းစဉ်ကိုမဆို လုပ်ကိုင်ဆောင်ရွက်သည့် နေရာကို ဆိုသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

(ဃ) လုပ်ငန်းခွင် ထိခိုက်မှု ဆိုသည်မှာ လုပ်ငန်းကြောင့်ဖြစ်စေ၊ လုပ်ငန်းဆောင်ရွက် နေစဉ်ဖြစ်စေ ပေါ်ပေါက်သည့်သေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိစေမှုကို ဆိုသည်။

( ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ကောင်စီ ဆိုသည်မှာ ဤဥပဒေအရ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် အမျိုးသားလုပ်ငန်းခွင် ဘေး အန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကောင်စီကို ဆိုသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(စ) ရှိ အမျိုးသားကောင်စီက ဆိုသည့်စကားရပ်ကို ကောင်စီကဟု ပြင်ဆင်သဖြင့် ဤဥပဒေတွင်ပါရှိသော အမျိုးသားကောင်စီ ဆိုသည့်စကားရပ်ကို ကောင်စီဟု အသီးသီး ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) ဘေးအန္တရာယ်ရှိသောဖြစ်ရပ် ဆိုသည်မှာ လုပ်ငန်းခွင်အတွင်း ရှိနေသူများကို ဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ ထိခိုက်ဒဏ်ရာ ရရှိစေခြင်းသော် လည်းကောင်း၊ ရောဂါရရှိစေခြင်းသော်လည်းကောင်း ဖြစ်တန်ရာရှိသည်ဟု ကောင်စီက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် ဖြစ်ရပ် တစ်မျိုးမျိုးကို ဆိုသည်။

(ဋ) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဇ)နှင့်(ဈ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါ သည်-

(ဇ) ဘေးအန္တရာယ်ရှိသော ပစ္စည်းဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ဘေးအန္တရာယ်ရှိသော ပစ္စည်းအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဈ) ဘေးအန္တရာယ်ရှိသောစက်ကိရိယာ ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ဘေးအန္တရာယ်ရှိသော စက်ကိရိယာအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် စက်ကိရိယာ တစ်မျိုးမျိုးကို ဆိုသည်။

(၄)	အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ(ည)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ည)	ဘေးအန္တရာယ်ရှိသော အလုပ်နှင့် လုပ်ငန်းခွင် ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ဘေးအန္တရာယ်ရှိသော အလုပ်နှင့်လုပ်ငန်းခွင်အဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် အလုပ်နှင့်လုပ်ငန်းခွင် တစ်မျိုးမျိုးကို ဆိုသည်။

( ၃)	အပိုဒ် ၂ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ(ဋ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဋ)	ကြီးမားပြင်းထန်သော လုပ်ငန်းခွင် မတော်တဆထိခိုက်မှုဆိုသည်မှာ လုပ်ငန်းစဉ်ကြောင့်ဖြစ်စေ၊ ဘေးအန္တရာယ်ရှိသော ပစ္စည်းများကြောင့်ဖြစ်စေ လုပ်ငန်းခွင်အတွင်းရှိနေသူများ၊ လုပ်ငန်းခွင် ပြင်ပရှိနေသူများနှင့် ပတ်ဝန်းကျင်တို့ကို ချက်ချင်း သို့မဟုတ် အချိန်ကာလတစ်ခုအတွင်း ဆိုးရွားပြင်းထန်သော အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ပေါက်ကွဲမှု၊ လွင့်စင်မှု၊ ယိုစိမ့်မှု၊ မီးလောင်မှု၊ ပြိုကျမှု စသည့် ဖြစ်ရပ်တစ်ခုခုကို ဆိုသည်။

( ၀)	အပိုဒ် ၂ အပိုဒ်ခွဲ(ဏ) နှင့်(တ) တို့ကို အပိုဒ် ၂ အပိုဒ်ခွဲ(တ)နှင့်(ထ) တို့အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

(တ)	စစ်ဆေးရေးအရာရှိ ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနမှဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အလုပ်ရုံ စစ်ဆေးရေးအရာရှိကို ဆိုသည်။

(ထ)	လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံအရာရှိ ဆိုသည်မှာ လုပ်ငန်းခွင်အလိုက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အတွက် အလုပ်ရှင်က ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးမန်နေဂျာ သို့မဟုတ် အရာရှိ သို့မဟုတ် ကြီးကြပ်ရေးမှူး သို့မဟုတ် ညှိနှိုင်းရေးမှူး တစ်ဦးဦး ကို ဆိုသည်။

(ဏ)	အပိုဒ် ၂ အပိုဒ်ခွဲ(ထ)ကို အပိုဒ် ၂ အပိုဒ်ခွဲ(ဒ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ကော်မတီအသီးသီးကို ဆိုသည့်စကားရပ်ကို ကော်မတီကို ဟု ပြင်ဆင်ပါသည်။

(တ)	အပိုဒ် ၂ အပိုဒ်ခွဲ(ဓ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဓ)	မှတ်ပုံတင်ဆရာဝန် ဆိုသည်မှာ မြန်မာနိုင်ငံတော် ဆေးကောင်စီ သို့မဟုတ် သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ် ရရှိထားသူ တစ်ဦးဦးကို ဆိုသည်။

(ထ)	အပိုဒ် ၂ အပိုဒ်ခွဲ(ဒ) ကို အပိုဒ်ခွဲ(န)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(န) အသိအမှတ်ပြုဆရာဝန် ဆိုသည်မှာ လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာလက်မှတ်ရရှိပြီး ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် မှတ်ပုံတင်ဆရာဝန် တစ်ဦးဦးကို ဆိုသည်။

( ဒ) အပိုဒ် ၂ အပိုဒ်ခွဲ(ဓ)ကို အပိုဒ်ခွဲ(ပ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ပ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ ဆိုသည်မှာ ဘေးအန္တရာယ်ရှိသော စက်ကိရိယာများနှင့်စပ်လျဉ်း၍ စမ်းသပ်စစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရန် စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူအဖြစ် ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသူကို ဆိုသည်။

(ဓ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ(န) နှင့်(ပ) တို့ကို ပယ်ဖျက်ပါသည်။

(န) အပိုဒ် ၂ အပိုဒ်ခွဲ(ဖ)ကို အပိုဒ်ခွဲ(ဗ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဗ) အသိအမှတ်ပြုလက်မှတ် ဆိုသည်မှာ ဤဥပဒေပါ စမ်းသပ်စစ်ဆေး ပိုင်ခွင့်ရှိသူနှင့် သင်တန်းပေးသူအဖြစ် ဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူအား ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်။

(ပ) အပိုဒ် ၂ အပိုဒ်ခွဲ(ဗ) ကို အပိုဒ်ခွဲ(ဖ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဖ) သင်တန်းပေးသူ ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဘာသာရပ်များကိုသင်ကြား ပို့ချရန် ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသူကို ဆိုသည်။

(ဖ) အပိုဒ် ၂ အပိုဒ်ခွဲ(ဘ) (မ) (ယ) နှင့်(ရ) တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဘ) ထုတ်လုပ်သူ ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်း သို့မ ဟုတ် လုပ်ငန်းခွင်တစ်ခုခု၌ အသုံးပြုမည့်ဘေးအန္တရာယ်ရှိသော ပစ္စည်းကိုဖြစ်စေ၊ ဘေးအန္တရာယ်ရှိသော စက်ကိရိယာကိုဖြစ်စေ ထုတ်လုပ်သူ ကိုဆိုသည်။

(မ) တင်သွင်းရောင်းချသူ ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သည့်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တစ်ခုခု၌ အသုံးပြုမည့် ဘေးအန္တရာယ်ရှိသော ပစ္စည်းကို ဖြစ်စေ၊ ဘေးအန္တရာယ်ရှိသော စက်ကိရိယာကိုဖြစ်စေ ပြည်ပမှ တိုက်ရိုက် တင်သွင်းခြင်း သို့မဟုတ် ရောင်းချခြင်းပြုသူကို ဆိုသည်။

(ယ) တပ်ဆင်သူ၊ ဖြုတ်သိမ်းသူ ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သည့်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တစ်ခုခု၌ အသုံးပြုမည့် ဘေးအန္တရာယ်ရှိသော စက်ကိရိယာတစ်မျိုးမျိုးကို တပ်ဆင်ခြင်း သို့မဟုတ် ဖြုတ်သိမ်းခြင်း ပြုသူကို ဆိုသည်။

(ရ) တည်ဆောက်သူ၊ ဖြိုဖျက်သူ ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သည့်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တစ်ခုခုရှိ အလုပ်ရုံအဆောက်အဦတစ်ခုခုကို တည်ဆောက်ခြင်း သို့မဟုတ် ဖြိုဖျက်ခြင်း ပြုသူကိုဆိုသည်။

(ဗ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ခ)ရှိ လုပ်ငန်းခွင် မတော်တဆထိခိုက်မှုဆိုသည့် စကားရပ်ကို လုပ်ငန်းခွင်ထိခိုက်မှုဟုပြင်ဆင်ပြီး ယင်းဥပဒေကြမ်းရှိ လုပ်ငန်းခွင် မတော်တဆထိခိုက်မှု ဆိုသည့်စကားရပ်ကို လုပ်ငန်းခွင်ထိခိုက်မှုဟု ပြင်ဆင်ပါသည်။

(ဘ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) ရှိ လုပ်ငန်းခွင် အန္တရာယ်များဆိုသည့် စကားရပ်ကို လုပ်ငန်းခွင်ဘေးအန္တရာယ်များဟု ပြင်ဆင်ပါသည်။

(မ) အခန်း(၃) အပိုဒ် ၄ ခြေဆင်း၊ အပိုဒ်ခွဲ(က) နှင့်(ခ) တို့ကို အပိုဒ် ၄ ခြေဆင်း၊ အပိုဒ်ခွဲ (က) (ခ) နှင့် (ဂ) တို့အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၄။ ဤဥပဒေသည် အောက်ဖော်ပြပါ အစိုးရဌာန၊ အဖွဲ့အစည်း၊ သမဝါယမ၊ ပုဂ္ဂလိက၊ ဖက်စပ်လုပ်ငန်းများရှိ နိုင်ငံသား၊ နိုင်ငံခြားသား ပိုင်ဆိုင်သည့်လုပ်ငန်းများနှင့် သက်ဆိုင်စေရမည် -

(က) ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေနှင့် အကျုံးဝင်သက်ဆိုင်သည့် စက်ရုံ၊ အလုပ်ရုံနှင့်သိုလှောင်ရုံများ၊

(ခ) ကုန်ထုတ်လုပ်ငန်း၊

(ဂ) ဆောက်လုပ်ရေး လုပ်ငန်း၊

(ယ) အပိုဒ် ၄ အပိုဒ်ခွဲ(ဂ) နှင့်(ဃ) တို့ကို အပိုဒ် ၄ အပိုဒ်ခွဲ(ဃ)နှင့်(င) တို့အဖြစ်ပြင်ဆင်ပြီး အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ရ) အပိုဒ် ၄ အပိုဒ်ခွဲ(င) ကို အပိုဒ်ခွဲ(စ)အဖြစ် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဟု ပြင်ဆင်ပါသည်။

(လ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄ အပိုဒ်ခွဲ(စ)ကို ပယ်ဖျက်ပါသည်။

(ဝ) အပိုဒ် ၄ အပိုဒ်ခွဲ(ဆ) ကို ဆိပ်ကမ်းလုပ်ငန်းဟု ပြင်ဆင်ပါသည်။

(သ) အပိုဒ် ၄ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဇ)နှင့်(ဈ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဇ) စိုက်ပျိုးရေးလုပ်ငန်း၊

(ဈ) မွေးမြူရေးလုပ်ငန်း၊

(ဟ) အပိုဒ် ၄ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ(ည)နှင့်(ဋ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ည) ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊

(ဋ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊

(ဠ) အပိုဒ် ၄ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ(ဌ)အဖြစ် ဆက်သွယ်ရေးလုပ်ငန်းဟု ပြင်ဆင်ပါသည်။

(အ) အပိုဒ် ၄ အပိုဒ်ခွဲ(ဋ)ကို (ဍ) အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(ဍ) ဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကော်မတီ၊ အဖွဲ့တို့နှင့်ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေနှင့် သက်ဆိုင်သည့်လုပ်ငန်းများအဖြစ် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့်လုပ်ငန်းများ။

( - ) အပိုဒ် ၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅။ ဝန်ကြီးဌာနသည်ပုဒ်မ ၄ ပါ အကျုံးဝင်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ကော်မတီ၊ အဖွဲ့တို့နှင့်ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) စစ်ဆေးစည်းကြပ်ရမည့် နယ်မြေဒေသ၊ လုပ်ငန်းအမျိုးအစားနှင့် အရွယ်အစားတို့ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

( ခ) ပြင်ဆင်သတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

( - ) အခန်း(၄) ခေါင်းစဉ်ကို ကောင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၆ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | အမြဲတမ်းအတွင်းဝန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယ ဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူးချုပ် အဆောက်အဦ ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ် ပြည်သူ့ကျန်းမာရေး ဦးစီး | အဖွဲ့ဝင် |

| | | |
|---|---|---|
| | ဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | |
| (၅) | ညွှန်ကြားရေးမှူးချုပ် သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန | အဖွဲ့ဝင် |
| (၆) | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေး ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ် လူမှုဖူလုံရေးအဖွဲ့၊ အလုပ် သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ကိုယ်စားလှယ် (၃)ဦး အလုပ်ရှင်အဖွဲ့အစည်းများ | အဖွဲ့ဝင် |
| (၁၃) | ကိုယ်စားလှယ် (၃)ဦး အလုပ်သမားအဖွဲ့အစည်းများ | အဖွဲ့ဝင် |
| (၁၄) | လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာ ရေးဆိုင်ရာကျွမ်းကျင်သူ(၃)ဦး | အဖွဲ့ဝင် |
| (၁၅) | ဒုတိယညွှန်ကြားရေးမှူးချုပ် အလုပ်ရုံနှင့် အလုပ် သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန | တွဲဘက် အတွင်းရေးမှူး |
| (၁၆) | ညွှန်ကြားရေးမှူးချုပ် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး ဦးစီးဌာန၊ အလုပ်သမား လူဝင် မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၆ အပိုဒ်ခွဲ(ဂ)ကို အပိုဒ်ခွဲ(ခ)အဖြစ် ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇ အပိုဒ်ခွဲ(က)ရှိ ကာလအပိုင်းအခြားအလိုက် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇ အပိုဒ်ခွဲ(ဂ) ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၇ အပိုဒ်ခွဲ(ဃ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) လုပ်ငန်းခွင်ဆိုင်ရာရောဂါ၊ ဘေးအန္တရာယ်ရှိသော ဖြစ်ရပ်၊ ဘေးအန္တရာယ်ရှိသောပစ္စည်း၊ ဘေးအန္တရာယ်ရှိသော စက်ကိရိယာ၊ ဘေးအန္တရာယ်ရှိသော အလုပ်နှင့် လုပ်ငန်းခွင်စသည့် စာရင်းကို အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်ခြင်း၊

( - ) အပိုဒ် ၇ အပိုဒ်ခွဲ(င)ကို အပိုဒ် ၇ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ခဓာတ်ရောင်ခြည် သင့်စေနိုင်သော ပစ္စည်းများအားသုံးစွဲမှု၊ သိုလှောင်မှု၊ ထုတ်လုပ်မှုတို့ကိုကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ပိတ်ပင်ခြင်း၊”

( - ) အပိုဒ် ၇ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၇ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) လုပ်ငန်းခွင်ထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါဖြစ်ပွားမှု၊ လုပ်ငန်းခွင် အဆိပ်သင့်မှု၊ ကြီးမားပြင်းထန်သော လုပ်ငန်းခွင် ထိခိုက်မှု၊ ဘေး အန္တရာယ်ရှိသောဖြစ်ရပ်များနှင့်စပ်လျဉ်းသည့် စာရင်းဇယားနှင့် သတင်း အချက်အလက်များ စုစည်းခြင်း၊ မဖြစ်ပွားစေရေး ကာကွယ်ဆောင် ရွက်ထားမှုများကို ထုတ်ပြန်ခြင်း၊

( - ) အပိုဒ် ၇ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၇ အပိုဒ်ခွဲ(စ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး ကဏ္ဍအသီးသီးတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဘာသာရပ်များ ထည့်သွင်း ပို့ချရန် လမ်းညွှန်ခြင်း၊

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇ အပိုဒ်ခွဲ(ဇ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၇ အပိုဒ်ခွဲ(ဈ)ကို အပိုဒ် ၇ အပိုဒ်ခွဲ(ဆ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ အရ တင်သွင်းသည့် အယူခံမှုများအား ကြားနာစစ်ဆေးရန် ဥက္ကဋ္ဌက ရွေးချယ်တာဝန်ပေးအပ်သည့် ကောင်စီအဖွဲ့ဝင်များဖြင့် အယူခံကော်မတီနှင့် လိုအပ်သည့် လုပ်ငန်းကော်မတီများအား ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်သတ်မှတ်ခြင်း။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇ အပိုဒ်ခွဲ(ည)ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၅) ခေါင်းစဉ်ကို မှတ်ပုံတင်ခြင်းဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၈ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသူနှင့် စတင်လုပ်ကိုင်လိုသူသည် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၈ အပိုဒ်ခွဲ(ခ)နှင့်(ဂ) တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၈ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ထားသည့် လုပ်ငန်းများအား စာရင်းပြုစုထားရှိရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၉ နှင့် အပိုဒ် ၁၀ တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၉၊ ၁၀ နှင့် ၁၁ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၉။ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လိုသူသည် လုပ်ငန်းခွင် ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအလို့ငှာ ဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ကြောင်း ဦးစီးဌာနသို့ အကြောင်းကြားရမည် -

(က) အလုပ်ရုံ သို့မဟုတ် အဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်ခြင်း၊

(ခ) လုပ်ငန်းစဉ်အလိုက် စက်ကိရိယာများနေရာချထားခြင်း၊ တပ်ဆင်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြောင်းလဲအသုံးပြုခြင်း။

၁၀။ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ပြီး လုပ်ကိုင်သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းပြီးဆုံးခြင်း၊ ပိတ်သိမ်းခြင်း၊ လုပ်ငန်းနေရာပြောင်းရွှေ့လုပ်ကိုင်ခြင်း၊ လုပ်ငန်းအမျိုးအစား ပြောင်းလဲလုပ်ကိုင်ခြင်း သို့မဟုတ် အလုပ်ရှင်ပြောင်းလဲခြင်းရှိပါက ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၁။ ဦးစီးဌာနသည် လုပ်ငန်းပြီးဆုံးခြင်း၊ ပိတ်သိမ်းခြင်း၊ လုပ်ငန်းနေရာ ပြောင်းရွှေ့လုပ်ကိုင်သည့် လုပ်ငန်းများကို မှတ်ပုံတင်စာရင်းမှပယ်ဖျက်ခြင်း၊ လုပ်ငန်းအမျိုးအစား

ပြောင်းလဲလုပ်ကိုင်ခြင်း၊ အလုပ်ရှင်ပြောင်းလဲခြင်းတို့အတွက် မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်စာရင်းသွင်းခြင်း ပြုရမည်။

( - ) အခန်း(၆) ခေါင်းစဉ်ကို လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး တာဝန်ခံများ ခန့်အပ်တာဝန်ပေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီများဖွဲ့စည်းခြင်းဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၆) အပိုဒ် ၁၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၂ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၂။ အလုပ်ရှင်သည် -

(က) ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းအမျိုးအစားအလိုက် အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးကောင်းမွန်စေရေး အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံကို ခန့်ထားရမည်။

( - ) အပိုဒ် ၁၁ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်-

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်စေရန် ဝန်ကြီးဌာနကသတ်မှတ်သော အလုပ်သမားဦးရေ အောက်မနည်းသော လုပ်ငန်းများတွင် လုပ်ငန်းအမျိုးအစားအလိုက် အရေအတွက်တူညီသော အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ အသီးသီးကို ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ)အဖြစ် သက်ဆိုင်ရာလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအန္တရာယ် အကဲဖြတ်ဆန်းစစ်မှုအား စိစစ်ကြီးကြပ်ခြင်းဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၂ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(င)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပေးအပ်သော ဆိုသည့်စကားရပ်ကို သတ်မှတ်သည့်ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၃ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၄။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံများသည် ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်စေရန် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

( - ) အခန်း(၇) အပိုဒ် ၁၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၆။ စစ်ဆေးရေးအရာရှိများသည် ဤဥပဒေနှင့် သက်ဆိုင်သည့်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအခြေအနေများကို ဝင်ရောက်စစ်ဆေးပြီး သက်ဆိုင်ရာအလုပ်ရှင်အား လိုက်နာဆောင်ရွက်ရမည့် အချက်များကို ညွှန်ကြားခြင်း၊ စစ်ဆေးရေးအရာရှိချုပ်ထံ အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

( - ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၇ နှင့် အပိုဒ် ၁၈ တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၉ ခေါင်းကို အပိုဒ် ၁၇ ခေါင်းအဖြစ်ပြင်ဆင်ပြီး ယင်းခေါင်းရှိ စစ်ဆေးရေးအရာရှိချုပ်နှင့် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ မည်သည့် လုပ်ငန်းခွင်ကိုမဆို ဆိုသည့်စကားရပ်ကို မည်သည့်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်ကိုမဆို ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ကောင်စီက အသုံးမပြုရန် ကန့်သတ်ထားသည့် သို့မဟုတ် တားမြစ်ပိတ်ပင်ထားသည့် ဓာတ်ရောင်ခြည်သင့်စေနိုင်သော ပစ္စည်းများအား လုပ်ငန်းခွင်တွင် တွေ့ရှိပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်နှင့် အရေးယူခွင့်၊

( - ) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) လုပ်ငန်းခွင်နှင့် လုပ်ငန်းစဉ်ဆိုင်ရာ မှတ်တမ်းများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများကို ကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်၊

( - ) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းခွင် အခြေအနေများ၊ လုပ်ငန်းစဉ်များကို ဓာတ်ပုံနှင့် ရုပ်သံမှတ်တမ်းရယူခွင့်၊

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၉ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၉ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ဆူညံသံ၊ အလင်းရောင်၊ အပူ၊ အအေး၊ အမှုန်အမွှား၊ အခိုးအငွေ့များနှင့် ဘေးအန္တရာယ်ရှိသော ပစ္စည်းများကြောင့် လုပ်ငန်းခွင်ပတ်ဝန်းကျင်အား ထိခိုက်နိုင်မှု ပမာဏနှင့် အချိန်အား အကဲဖြတ်တိုင်းတာခွင့်၊ မှတ်တမ်းများ ရယူခွင့်၊

( - ) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(စ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အလုပ်ကိုအကြောင်းပြုပြီး ကျန်းမာရေးထိခိုက်မှုနှင့်စပ်လျဉ်း၍ ဆိုသည့်စကားရပ်ကို လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှု သို့မဟုတ် ရရှိနိုင်သည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(ဆ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ရောဂါများရရှိမှုကြောင့်ဖြစ်စေ ဆေးကုသမှုခံယူနေသော လူနာနှင့်ပတ်သက်သည့် ဆိုသည့်စကားရပ်ကို ရောဂါရရှိမှုကြောင့်ဖြစ်စေ ဆေးကုသမှုခံယူနေသော အလုပ်သမားနှင့်ပတ်သက်သည့်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၀ ကို အပိုဒ် ၁၈ အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈။ စစ်ဆေးရေး အရာရှိများသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် လုပ်ငန်းခွင်ထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါ၊ ဘေးအန္တရာယ်ရှိသောဖြစ်ရပ်၊ ကြီးမား ပြင်းထန်သော လုပ်ငန်းခွင်ထိခိုက်မှုများဖြစ်ပွားခြင်း သို့မဟုတ် ဖြစ်ပွားနိုင်မည်ဟု ယုံကြည်ပါက လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ယာယီရပ်နားစေရန်အမိန့်ကို စစ်ဆေးရေးအရာရှိချုပ်၏ အတည်ပြုချက်ဖြင့် အလုပ်ရှင်အား ထုတ်ဆင့်ရမည်ဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာဦးစီးဌာနများသို့ အကြောင်းကြားရမည်-

(က) ဘေးအန္တရာယ်မကင်းသော လုပ်ငန်းခွင် အခြေအနေကြောင့်ဖြစ်စေ၊ အလုပ်သမားများ ဘေးအန္တရာယ်မကင်းစွာ လုပ်ကိုင်နေမှုကြောင့် ဖြစ်စေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ရှိသော ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသော စက်ကိရိယာများ ရှိနေခြင်း ကြောင့် ဖြစ်စေ၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း သို့မဟုတ် မလိုက်နာခြင်းကြောင့် ဖြစ်စေ၊

(ဂ) သူတစ်ဦးဦး၏ လုပ်ဆောင်ချက်ကြောင့်ဖြစ်စေ၊ လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့်ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ဂရုမစိုက်မှု ကြောင့်ဖြစ်စေ၊

(ဃ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှု အန္တရာယ်ဖြစ်ပွားမည့်ဆဲဆဲ အခြေအနေကြောင့်ဖြစ်စေ

( - ) အပိုဒ်၂၁ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၉ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။ စစ်ဆေးရေးအရာရှိများသည်-

(က) ပုဒ်မ ၁၈ အရ ထုတ်ဆင့်ထားသော ယာယီရပ်နားအမိန့်ကို အလုပ်ရှင်က လိုက်နာဆောင်ရွက်ပြီးစီးမှု တင်ပြချက်အပေါ် မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ရပ်နားထားသည့် လုပ်ငန်းခွင်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြန်လည်ဆောင်ရွက်ခွင့်ပြုရမည်။

( - ) အပိုဒ်၂၂ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တို့ကို အပိုဒ် ၂၀ အပိုဒ်ခွဲ(က)နှင့်(ခ)တို့အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲများရှိ ပုဒ်မ ၁၉ အရ ဆိုသည့်စကားရပ်များကို ပုဒ်မ ၁၈ အရ ဟု အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၃ ကို အပိုဒ် ၂၁ အပိုဒ်ခွဲ(က)နှင့်(ခ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၁။ စစ်ဆေးရေးအရာရှိ များသည် -

(က) အလုပ်သမားအား ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် ကျန်းမာရေးအန္တရာယ်ရှိခြင်း သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာကို ထိခိုက်ပျက်စီးခြင်းကို ဖြစ်စေနိုင်သည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် သတ်မှတ်သည့်အချိန်ကာလအတွင်း ပြုပြင်ဆောင်ရွက်ရန် အလုပ်ရှင်အား စာဖြင့်ညွှန်ကြားနိုင်သည်။

( ခ) ပုဒ်မခွဲ(က)အရ ညွှန်ကြားချက်များကို သတ်မှတ်ကာလ အတွင်း အလုပ်ရှင်က လိုက်နာဆောင်ရွက်ပြီးစီးကြောင်း မှတ်တမ်းအထောက်အထားပြည့်စုံစွာဖြင့် ပြန်လည်တင်ပြစေရမည်။

( - ) အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ) အဖြစ် အေက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဂ) ပုဒ်မခွဲ(က)အရ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်း မပြုရန်တားမြစ်နိုင်သည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၄ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၅ ကို အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၂။ စစ်ဆေးရေးအရာရှိချုပ်သည် စစ်ဆေးရေးအရာရှိများအား ဘေးအန္တရာယ်ရှိသော ပစ္စည်းများ အသုံးပြုသည့်လုပ်ငန်းခွင်များ၏ စာရင်းဇယားသီးခြားပြုစုရန်၊

လိုအပ်ပါက အထူးစစ်ဆေးမှုများ ဆောင်ရွက်ရန်နှင့် ယင်းပစ္စည်းများကို အသုံးပြုခြင်းအား တားမြစ်ကန့်သတ်ရန် သီးခြားတာဝန်ပေးအပ်ရမည်။

( - ) အပိုဒ် ၂၆ ကို အပိုဒ် ၂၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၃။ စစ်ဆေးရေးအရာရှိသည် ပုဒ်မ ၂၃ ပါ သီးခြားစာရင်းပြုစုထားသည့် လုပ်ငန်းခွင်များ၌ ဘေးအန္တရာယ်ကျရောက်နိုင်မှု၊ ဘေးအန္တရာယ်မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ ဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့်အစီအမံနှင့် နည်းလမ်းများ၊ ရှေးဦးသူနာပြုစုခြင်းများနှင့်စပ်လျဉ်း၍ အလုပ်သမားများအား လေ့ကျင့်သင်ကြားပေးရန် အလုပ်ရှင်ကို ညွှန်ကြားရမည်။

( - ) အပိုဒ် ၂၅ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂၅။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၊ အလုပ်ဌာနတစ်ခုခုတွင်ဖြစ်စေ၊ ယင်းစက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၊ အလုပ်ဌာနတစ်ခုခုနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

( - ) အခန်း(၈) အပိုဒ် ၂၈ ခေါင်းစဉ်ကို အပိုဒ် ၂၆ ခေါင်းစဉ်အဖြစ် အလုပ်ရှင်သည်ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၈ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) လုပ်ငန်းစဉ်၊ လုပ်ငန်းခွင်နှင့် လုပ်ငန်းစဉ်၌ အသုံးပြုသည့်ပစ္စည်းများနှင့် စက်ကိရိယာများ၏ အန္တရာယ်ရှိမှုအတိုင်းအဆအား အကဲဖြတ်ဆန်းစစ်ခြင်းကို လိုအပ်သလို စီမံဆောင်ရွက်ရမည်။

( - ) အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ) (ဂ) နှင့်(ဃ)တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) လုပ်ငန်းခွင် ပတ်ဝန်းကျင်အန္တရာယ်ကျရောက်နိုင်မှုအခြေအနေကို တိုင်းတာအကဲဖြတ်ရန် လိုအပ်သလို စီမံဆောင်ရွက်ရမည်။

(ဂ) အလုပ်သမားများကို လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရမှုရှိ/မရှိ သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုဆရာဝန်ဖြင့် ဆေးစစ်ပေးရန် စီမံပေးရမည်။

(ဃ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)အရ တွေ့ရှိချက်များအပေါ်အခြေခံ၍ လုပ်ငန်းခွင်ကို ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် အခြေအနေထိရောက်ရှိစေရန် စီမံဆောင်ရွက်ရမည်။”

မူကြမ်း

( - ) အပိုဒ် ၂၈ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) အလုပ်သမားများအား ဦးစီးဌာနက သတ်မှတ်ခွင့်ပြုထားသည့် သင့်တော်သော တစ်ကိုယ်ရည်သုံး ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံများ၊ ပစ္စည်းများနှင့် အထောက် အကူပြုပစ္စည်းများ အခမဲ့ လုံလောက်စွာထုတ်ပေးပြီး ဝတ်ဆင်လုပ်ကိုင်စေရ မည်။

( - ) အပိုဒ် ၂၈ အပိုဒ်ခွဲ(င)ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(ဆ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အသိအမှတ်ပြုဆရာဝန်နှင့် သူနာပြုများ ဆိုသည့်စကားရပ်ကို မှတ်ပုံတင်ဆရာဝန်နှင့် သူနာပြုများဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)နှင့်(ဆ)တို့ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(ဇ)နှင့်(ဈ)တို့အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(ဇ) မိမိကိုယ်တိုင်အပါအဝင် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစား သို့မဟုတ် ဌာန အလိုက် စီမံခန့်ခွဲသူများ၊ အလုပ်သမားများအား ဝန်ကြီးဌာနက သတ်မှတ် ထားသည့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်းများ တက်ရောက်စေရမည်။

(ဈ) အလုပ်သမားတစ်ဦးဦးက လုပ်ငန်းခွင်ထိခိုက်မှု သို့မဟုတ် အသက်အန္တရာယ် နှင့်ကျန်းမာရေးကို ထိခိုက်စေနိုင် ဖွယ်ရှိသည့်အခြေအနေများ ကြုံတွေ့ရလျှင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေတာဝန်ခံ သို့မဟုတ် စီမံခန့်ခွဲသူတစ်ဦးဦးထံ ချက်ချင်းသတင်းပေးပို့နိုင်ရေး လိုအပ်သလို စီစဉ် ထားရှိရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၈ အပိုဒ်ခွဲ(ဇ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၈ အပိုဒ်ခွဲ(ဈ) (ည) (ဋ) (ဌ)နှင့်(ဍ)တို့ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(ည) (ဋ) (ဌ) (ဍ) နှင့်(ဎ)တို့ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ည) လုပ်ငန်းခွင် သို့မဟုတ် လုပ်ငန်းစဉ်တွင် အသုံးပြုသောပစ္စည်း၊ စက်ကိရိယာ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကြောင့် လုပ်ငန်းခွင်အတွင်းရှိနေသူများ ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်ထားရမည်။

(ဋ) လုပ်ငန်းခွင်ထိခိုက်မှု ဖြစ်ပွားမည့်ဆဲဆဲ အခြေအနေကြုံတွေ့ရပါက လုပ်ငန်းစဉ် အား ချက်ချင်းရပ်တန့်ခြင်း၊ အလုပ်သမားများအား ဖယ်ရှားရွှေ့ပြောင်းပေးခြင်း နှင့် လိုအပ်သည့် ကယ်ဆယ်ရေးအစီအမံများ ဆောင်ရွက်ရမည်။ ဖြစ်နိုင်ပါက အလုပ်သမားများအား အခြားသင့်တော်မည့် ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းခွင်များသို့ ပြောင်းရွှေ့လုပ်ကိုင်စေနိုင်သည်။

(ဌ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ဘေးအန္တရာယ် သတိပေးအချက်ပြများ၊ နို့တစ်စာများ၊ ပိုစတာများနှင့် လမ်းညွှန်ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်။

( ဍ) ဘေးအန္တရာယ် ဖြစ်ပွားနိုင်သည့် တားမြစ်ကန့်သတ်ထားသော လုပ်ငန်းခွင်နေရာများသို့ ဝင်ထွက်သွားလာရာတွင် ကြိုတင်သတိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် စီမံဆောင်ရွက်ရမည်။

( ဎ) အသိပညာ၊ နည်းပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်သည့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လက်စွဲစာစောင်နှင့် လမ်းညွှန်ချက်များကို အလုပ်သမားများအပြင် လုပ်ငန်းခွင်နှင့် ဆက်စပ်နေသူများကိုလည်း ဖြန့်ဝေခြင်း သို့မဟုတ် သိရှိနားလည်အောင် ဆောင်ရွက်ခြင်း စီမံဆောင်ရွက်ပေးရမည်။

( - ) အပိုဒ် ၂၈ အပိုဒ်ခွဲ(ဏ)နှင့်(တ)တို့ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(တ)နှင့်(ထ)တို့အဖြစ် ပြင်ဆင်ပြီး အပိုဒ်ခွဲ(တ)ရှိ စာရွက်စာတမ်း အထောက်အထားများဆိုသည့် စကားရပ်ကို စာရွက်စာတမ်းများ၊ အထောက်အထားများဟုလည်းကောင်း၊ အပိုဒ်ခွဲ(ထ)ရှိ အန္တရာယ်ရှိနိုင်သည်ဟု သတ်မှတ်ထားသည့် လုပ်ငန်းအမျိုးအစားများတွင် လုပ်ကိုင်နေသည့် အလုပ်သမားများအား ဆိုသည့်စကားရပ်ကို ဘေးအန္တရာယ်ရှိသော အလုပ်နှင့်လုပ်ငန်းခွင်များတွင် စေခိုင်းပါကဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းအတွက် မှတ်ပုံတင်ဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းကိုဖြစ်စေ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရခြင်းအတွက် အသိအမှတ်ပြုဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းကိုဖြစ်စေမရရှိမီ ကာလအတွင်း၊

( - ) အပိုဒ် ၂၉ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှု ဖြစ်ပွားမည့်ဆဲဆဲအခြေအနေ သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိနိုင်မည့်အခြေအနေများတွင် အလုပ်ဆက်လက်မလုပ်ကိုင်ခြင်း။

( - ) အပိုဒ် ၃၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၉ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၉။ အလုပ်ရှင်သည် -

(က) မှတ်ပုံတင်ဆရာဝန်၏ ဆေးစစ်ချက်အရ လုပ်ငန်းသဘာဝ လိုအပ်ချက် အပေါ်မူတည်၍ ကျန်းမာရေးအဆင့်မမီသည့် အလုပ်သမားများအား အလုပ်လုပ်ကိုင်ခြင်းကို ကန့်သတ်တားမြစ်နိုင်သည်။

(-) အပိုဒ် ၃၁ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၉ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ခ) ပုဒ်မခွဲ(က) အရ ကန့်သတ်တားမြစ်ခြင်းခံရသော အလုပ်သမားသည် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာကြောင်း အထောက်အထားဖြင့် တင်ပြလာလျှင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလတာဝန်တွင်ဖြစ်စေ၊ သင့်လျော်သည့် လုပ်ငန်းခွင်တွင်ဖြစ်စေ ပြန်လည်လုပ်ကိုင်ခွင့်ပြုရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၁ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၂ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၀ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၀။ အလုပ်သမားများသည် -

(က) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးထားသော တစ်ကိုယ်ရည်သုံး ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံများ၊ ပစ္စည်းများ ဝတ်ဆင်ခြင်းနှင့် ကိရိယာတန်ဆာပလာများအား စနစ်တကျမှန်ကန်စွာ အသုံးပြုရမည်။

( - ) အပိုဒ် ၃၂ အပိုဒ်ခွဲ(ဃ)နှင့်(င)တို့ကို အပိုဒ် ၃၀ အပိုဒ်ခွဲ(ဃ)နှင့်(င)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) လုပ်ငန်းခွင်တွင် အသုံးပြုသည့် ကိရိယာတန်ဆာပလာ၊ စက်၊ စက်ကိရိယာ အစိတ်အပိုင်း၊ ယာဉ်၊ လျှပ်စစ်နှင့် အခြားပစ္စည်းများကို စနစ်တကျကိုင်တွယ် အသုံးပြုရမည်။

( င) လုပ်ငန်းခွင်တွင် ယင်း၏လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့် မိမိကိုယ်တိုင်နှင့် အခြားသူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးမထိခိုက်စေရန် အလေးထားဆောင်ရွက်ရမည်။

( - ) အပိုဒ် ၃၂ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၃၀ အပိုဒ်ခွဲ(စ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ကျန်းမာရေးအရာရှိ ဆိုသည့်စကားရပ်ကို ကျန်းမာရေးတာဝန်ခံဟုပြင်ဆင်၍ ဤဥပဒေကြမ်းရှိ ကျန်းမာရေးအရာရှိ ဆိုသည့်စကားရပ်ကို ကျန်းမာရေးတာဝန်ခံဟု အသီးသီး ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၂ အပိုဒ်ခွဲ(ဆ)နှင့်(ဇ)တို့ကို အပိုဒ် ၃၀ အပိုဒ်ခွဲ(ဆ)နှင့်(ဇ)တို့အဖြစ် ပြင်ဆင်ပြီး အပိုဒ်ခွဲ(ဆ)ရှိ ကျန်းမာရေးအရာရှိထံ ဆိုသည့်စကားရပ်ကို ကျန်းမာရေးတာဝန်ခံ သို့မဟုတ် စီမံခန့်ခွဲသူတစ်ဦးဦးထံ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဇ)ရှိ အလုပ်ရှင်က ပြောင်းလဲလုပ်ကိုင်စေသည့် အလုပ်အား ဆိုသည့်စကားရပ်ကို အလုပ်ရှင်က စီစဉ်ပေးသည့် ဘေးအန္တရာယ်ကင်းရှင်းသော လုပ်ငန်းခွင်သို့ ပြောင်းလဲလုပ်ကိုင်စေမှုအား ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အခန်း(၉) ခေါင်းစဉ်ကို ထုတ်လုပ်သူ၊ တင်သွင်းရောင်းချသူ၊ တပ်ဆင်သူ၊ ဖြုတ်သိမ်းသူနှင့် တည်ဆောက်သူ၊ ဖြိုဖျက်သူများ၏ တာဝန်များ ဟုပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၃ ခြေဆင်းကို အပိုဒ် ၃၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၁။ လုပ်ငန်းစဉ် သို့မဟုတ် လုပ်ငန်းခွင်၌ အသုံးပြုမည့် ဘေးအန္တရာယ်ရှိသော ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းရောင်းချခြင်းဖြစ်စေ၊ ဘေးအန္တရာယ်ရှိသော စက်ကိရိယာများကိုထုတ်လုပ်ခြင်း၊ တင်သွင်းရောင်းချခြင်း၊ တပ်ဆင်ခြင်း၊ ဖြုတ်သိမ်းခြင်းဖြစ်စေ ဆောင်ရွက်သူသည် စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းကြောင်း အတည်ပြုချက် ရယူရမည်။

( - ) အပိုဒ် ၃၂ ခြေဆင်းအဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၃၂။ ဘေးအန္တရာယ်ရှိသော ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသော စက်ကိရိယာများနှင့် စပ်လျဉ်း၍ ထုတ်လုပ်သူ၊ တင်သွင်းရောင်းချသူများသည် အောက်ပါကိစ္စရပ်များကို တာဝန်ယူ ဆောင်ရွက်ရမည်-

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၃ အပိုဒ်ခွဲ(က) (ခ) နှင့်(ဃ)တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၃ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၃၂ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ အသုံးပြုခြင်းဆိုင်ရာ သတင်းအချက်အလက်များပေးခြင်း၊

( - ) အပိုဒ် ၃၂ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးမထိခိုက်စေရေး စမ်းသပ်စစ်ဆေးမှု ပြုလုပ်ပေးခြင်းနှင့် စမ်းသပ်စစ်ဆေးမှုရလဒ်များအား အသုံးပြုသူထံ ဖြန့်ဝေခြင်း။

( - ) အပိုဒ် ၃၄ ကို အပိုဒ် ၃၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၃။ တပ်ဆင်သူ၊ ဖြုတ်သိမ်းသူ သို့မဟုတ် တည်ဆောက်သူ ဖြိုဖျက်သူသည် ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးမထိခိုက်စေရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

( - ) အခန်း(၁၀) ခေါင်းစဉ်ကို ထိခိုက်မှု၊ ဘေးအန္တရာယ်ရှိသောဖြစ်ရပ်၊ လုပ်ငန်းခွင်အဆိပ်သင့်မှုနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါဖြစ်ပွားမှု အကြောင်းကြားခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၅ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၄ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၄။ အလုပ်ရှင်သည် အောက်ပါကိစ္စများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှု သို့မဟုတ် လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်မှုဖြစ်ပွားပါက ဦးစီးဌာနသို့ အကြောင်းကြားခြင်း၊

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၅ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၅ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၃၄ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) အလုပ်သမားတစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာရောဂါ တစ်မျိုးမျိုးစွဲကပ်လျှင်ဖြစ်စေ၊ သုံးစွဲသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းစဉ်ကြောင့် အဆိပ်သင့်လျှင်ဖြစ်စေ သို့မဟုတ် အဆိပ်သင့်နိုင်လျှင်ဖြစ်စေ အသိအမှတ်ပြု ဆရာဝန်၏ဆေးစစ်ချက် မှတ်တမ်းနှင့်အတူ အစီရင်ခံစာကို ဦးစီးဌာနသို့ ပေးပို့အကြောင်းကြားခြင်း။

( - ) အပိုဒ် ၃၆ ကို အပိုဒ် ၃၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၅။ မှတ်ပုံတင် ဆရာဝန်တစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါတစ်မျိုးမျိုးစွဲကပ်နေသည့် အလုပ်လုပ်နေသူ သို့မဟုတ် အလုပ်လုပ်ခဲ့သူအား ဆေးကုသလျှင် သတ်မှတ်ထားသည့်အချက်အလက်များ ပါဝင်သောအစီရင်ခံစာကို သက်ဆိုင်ရာအလုပ်ရှင်နှင့် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားရမည်။

( - ) အပိုဒ် ၃၇ အပိုဒ်(က)ကို အပိုဒ် ၃၆ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အန္တရာယ်ရှိသောဖြစ်ရပ်များ၊ ဆိုသည့်စကားရပ်ကို ဘေးအန္တရာယ်ရှိသောဖြစ်ရပ်များ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ကိရိယာတန်ဆာပလာများ၊ စက်ယန္တရားများဆိုသည့် စကားရပ်ကို ကိရိယာတန်ဆာပလာများဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၇ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၃၆ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ပုဒ်မခွဲ(ခ)အရ တားမြစ်မှုသည် နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပွားနိုင်ပါက စစ်ဆေးရေးအရာရှိချုပ်သည် ပစ္စည်းများ၊ စက်ကိရိယာများ၊ ကိရိယာတန်ဆာပလာများနှင့် နေရာအခင်းအကျင်းကို ဖယ်ရှားခြင်း၊ ဖြုတ်သိမ်းခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည်။

( - ) အပိုဒ် ၃၈ ကို အပိုဒ် ၃၇ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အန္တရာယ်ရှိသော ဖြစ်ရပ်များ ဆိုသည့်စကားရပ်ကို ဘေးအန္တရာယ်ရှိသောဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၉ ခေါင်းစဉ်ကို အပိုဒ် ၃၈ ခေါင်းစဉ်အဖြစ်လည်းကောင်း၊ အပိုဒ် ၃၉ အပိုဒ်ခွဲ(က) ကို အပိုဒ် ၃၈ အပိုဒ်ခွဲ(က) တို့အဖြစ်ပြင်ဆင်ပြီး၊ ပုဒ်မ ၃၈ ပါဆိုသည့်စကားရပ်ကို ပုဒ်မ ၃၇ ပါ ဟု အသီးသီး ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၉ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၃၈ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဃ) စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်တို့ပါဝင်သော အစီရင်ခံစာကို ကောင်စီထံသို့ စုံစမ်းစစ်ဆေးပြီး သတ်မှတ်ရက်အတွင်း တင်ပြရမည်။

( - ) အခန်း(၁၁) အပိုဒ် ၄၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၄၀ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၃၉ အရဟု ပြင်ဆင်ပါသည်

( - ) အပိုဒ် ၄၂ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၁ အပိုဒ်(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ)အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၄၀၊ ပုဒ်မခွဲ(က) အရဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၃ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၂ အပိုဒ်ခွဲ(က) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) စမ်းသပ် စစ်ဆေးပိုင်ခွင့်ရှိသူသည် ဘေးအန္တရာယ်ရှိသော စက်ကိရိယာများနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ စမ်းသပ်စစ်ဆေးပြီး အန္တရာယ်ကင်းရှင်းကြောင်း တွေ့ရှိပါက ဘေးအန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ အလုပ်ရှင်အား ထုတ်ပေးရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အခန်း(၁၂) ရှိ အပိုဒ် ၄၄ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၄၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃) ကို အပိုဒ် ၄၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(၃) ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

( - ) အပိုဒ် ၄၅ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄၃ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ပုဒ်မခွဲ(က)ပါ ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာနှင့်စပ်လျဉ်း၍ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအား အကြောင်းကြားစာ လက်ခံရရှိပြီး သတ်မှတ်ရက်အတွင်း ဖြေရှင်းတင်ပြစေရမည်။

( - ) အခန်း(၁၃) အပိုဒ် ၄၆ ကို အပိုဒ် ၄၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၄။(က) စစ်ဆေးရေးအရာရှိများက ပုဒ်မ ၁၈ အရ ထုတ်ဆင့်သည့် အမိန့်ကိုလည်းကောင်း၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ဂ) အရ လုပ်ငန်း ဆက်လက်လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ချက်ကိုလည်းကောင်း မကျေနပ်သူသည် အဆိုပါအမိန့်ချမှတ်သည့် သို့မဟုတ် တားမြစ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကောင်စီက ဖွဲ့စည်းပေးသည့် အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီသည် ပုဒ်မခွဲ(က)အရ အယူခံမှုကိုစိစစ်ပြီး စစ်ဆေးရေးအရာရှိ၏ အမိန့် သို့မဟုတ် တားမြစ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

( - ) အပိုဒ် ၄၇ အပိုဒ်ခွဲ(က) ကို အပိုဒ် ၄၅ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၄၄ အရဖြစ်စေ၊ ပုဒ်မ ၄၅ အရဖြစ်စေ ဆိုသည့်စကားရပ်ကို ပုဒ်မ ၄၃ အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၉ ကို အပိုဒ် ၄၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၇။ ညွှန်ကြားရေးမှူးချုပ်၏ ပုဒ်မ ၄၃ အရ အသိအမှတ်ပြုလက်မှတ်ကို ရပ်ဆိုင်းသည့် သို့မဟုတ် ပယ်ဖျက်သည့် ဆုံးဖြတ်ချက်ကို အယူမခံလျှင် ရက်ပေါင်း ၃၀ ပြည့်ပြီးနောက် ခုနစ်ရက်အတွင်း သို့မဟုတ် အယူခံသော်လည်း အယူခံကော်မတီက ပုဒ်မ ၄၅၊ ပုဒ်မခွဲ(ခ) အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို အတည်ပြုလျှင် ထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ်ကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ခုနစ်ရက်အတွင်း ဦးစီးဌာနသို့ ပြန်လည် အပ်နှံရမည်။

( - ) အခန်း(၁၄) အပိုဒ် ၅၀ ခေါင်းစဉ်ကို ပယ်ဖျက်ပါသည် ။

( - ) အပိုဒ် ၅၀ အပိုဒ် ၄၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၈။ (က) ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသူနှင့် စတင်လုပ်ကိုင်လိုသူ မည်သူမျှ ဦးစီးဌာနသို့ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းမပြုရ။

(ခ) မည်သူမျှဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းများရှိ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်ခြင်း၊ လုပ်ငန်းစဉ်အလိုက် စက်ကိရိယာများ နေရာချထားခြင်း၊ တပ်ဆင်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြောင်းလဲအသုံးပြုခြင်းများကို လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်အညီ ဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ကြောင်း ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားရန် ပျက်ကွက်ခြင်းမပြုရ။

(ဂ) မည်သူမျှ ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်မရှိဘဲ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

( - ) အပိုဒ် ၅၁ အပိုဒ် ၄၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၉။ မည်သည့်အလုပ်ရှင်မျှ -

(က) ပုဒ်မ ၁၈ အရ လုပ်ငန်းခွင် သို့မဟုတ် လုပ်ငန်းစဉ်အား ရပ်နားထားရန်ဖြစ်စေ၊ ပိတ်ရန်ဖြစ်စေ စစ်ဆေးရေးအရာရှိများက ထုတ်ဆင့်သည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်း မပြုရ၊

(ခ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ) အရ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမပြုရ၊

(ဂ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)အရ စစ်ဆေးရေးအရာရှိက ထုတ်ပြန်သည့် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမပြုရ၊

(ဃ) ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ထ) အရ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းများတွင် အလုပ်သမားများအား သတ်မှတ်ထားသည့် အလုပ်ချိန်ထက် ကျော်လွန်စေခိုင်းခြင်းမပြုရ၊

(င) ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဒ) အရ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကုန်ကျစရိတ်များကို တာဝန်ယူကျခံရန် ပျက်ကွက်ခြင်း မပြုရ။

( - ) အဆိုပြုပြင်ဆင်ရန်ချက် အပိုဒ် ၅၁ အပိုဒ်ခွဲ(စ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၅၂ ကို အပိုဒ် ၅၀ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၅၀။ မည်သူမျှ စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်မရဘဲ ပုဒ်မ ၃၇၊ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်းမပြုရ။

( - ) အခန်း (၁၅) အပိုဒ် ၅၄ ကို အပိုဒ် ၅၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၂။ မည်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

( - ) အပိုဒ် ၅၅ ကို အပိုဒ် ၅၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၃။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၂၊ ပုဒ်မ ၂၆ ၊ ပုဒ်မခွဲ(က)မှ(တ)အထိ၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၉ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

( - ) အပိုဒ် ၅၆ ကို အပိုဒ် ၅၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၄။ မည်သည့် အလုပ်သမားမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (စ)၊ (ဇ) နှင့် (ဈ)ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ၃၀,၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

( - ) အပိုဒ် ၅၇ ကို အပိုဒ် ၅၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၅။ မည်သည့် အလုပ်သမားမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ(င) နှင့်(ဆ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို တမင်ကြံရွယ်ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

( - ) အပိုဒ် ၅၈ ကို အပိုဒ် ၅၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၆။ ထုတ်လုပ်သူ၊ တင်သွင်းရောင်းချသူ၊ တပ်ဆင်သူနှင့်ဖြုတ်သိမ်းသူ သို့မဟုတ် တည်ဆောက်သူ၊ ဖြိုဖျက်သူ မည်သူမဆို ပုဒ်မ ၃၁၊ ၃၂ နှင့် ၃၃ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အပိုဒ် ၅၉ ကို အပိုဒ် ၅၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

မူကြမ်း

၅၇။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀ သိန်းထက် မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အပိုဒ် ၆၀ ကို အပိုဒ် ၅၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၈။ မည်သည့် မှတ်ပုံတင်ဆရာဝန်မဆို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

( - ) အပိုဒ် ၆၁ ကို အပိုဒ် ၅၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၉။(က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ မည်သူမဆို ပုဒ်မ ၄၂၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၁၀ သိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) သင်တန်းပေးသူ မည်သူမဆို ပုဒ်မ ၄၂၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် သိန်း ၁၀ အထိ ငွေဒဏ်ချမှတ်ရမည်။

( - ) အပိုဒ် ၆၂ ကို အပိုဒ် ၆၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၀။ မည်သူမဆို-

(က) ပုဒ်မ ၄၈၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကိုအနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၈၊ ပုဒ်မခွဲ(ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀ သိန်းမှ အများဆုံးကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အပိုဒ် ၆၃ ကို အပိုဒ် ၆၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၁။ မည်သည့်အလုပ်ရှင်မဆို -

(က) ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မခွဲ(ဂ)တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း၃၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

( ခ) ပုဒ်မခွဲ(က)ပါ ပြစ်ဒဏ်ချမှတ်ခြင်း ခံရပြီးနောက် ယင်းပြစ်မှုကို ထပ်မံ ဖောက်ဖျက်ကျူးလွန်ပါက ဖောက်ဖျက်ကျူးလွန်သည့် နေ့ရက်အသီးသီး အတွက် ထိုသူကို တစ်ရက်လျှင် ကျပ်တစ်သိန်းစီဖြင့် ငွေဒဏ်ချမှတ်ရမည်။

( - ) အပိုဒ် ၆၄ ကို အပိုဒ် ၆၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၂။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၄၉၊ ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မခွဲ(င)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀ သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အပိုဒ် ၆၅ ကို အပိုဒ် ၆၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၃။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အပိုဒ် ၆၆ ကို အပိုဒ် ၆၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၄။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်သည့် မည်သည့်ပုဂ္ဂိုလ်မဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အပိုဒ် ၆၇ ကို အပိုဒ် ၆၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၅။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အခန်း(၁၆) ခေါင်းစဉ်ကို လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား စီမံခန့်ခွဲခြင်းဟု ပြင်ဆင်ပါသည်။

မူကြမ်း

( - ) အခန်း(၁၆) အပိုဒ် ၆၈ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၆၆ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးမြှင့်တင်ရန် ဆောင်ရွက်နေသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ။

( - ) အခန်း(၁၇) အပိုဒ် ၇၀ ကို အပိုဒ် ၆၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သော တာဝန်ကို ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

( - ) အပိုဒ် ၇၁ ကို အပိုဒ် ၆၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးကော်မတီ အဖွဲ့ဝင်များနှင့် အယူခံကော်မတီ အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသော စရိတ်နှင့်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

( - ) အပိုဒ် ၇၃ ကို အပိုဒ် ၇၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၇၁။ ဤဥပဒေအရ လိုအပ်၍ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်ကို ဝန်ကြီးဌာနဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

( - ) အပိုဒ် ၇၂ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၇၂။ ဝန်ကြီးဌာနသည် လိုအပ်ပါက စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် ဒုတိယစစ်ဆေးရေးအရာရှိချုပ်တစ်ဦးကို ခန့်ထားနိုင်သည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇၅ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၇၆ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၇၄ အပိုဒ်ခွဲ(ခ)နှင့်(ဂ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ကောင်စီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

မူကြမ်း

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တင်သွင်းသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စာလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေး လိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၃-၃-၂၀၁၈ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါ တယ်။ (ဩဘာသံများ)


**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင်ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ (၉.၃.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Win Thein U Tun Tun




General Aung Soe U Aye Naing




General Aung Soe Daw Khin Saw Wai




U Hla Kyaw Dr Than Aung Soe




U Hla Kyaw U Stephan




U Hla Kyaw Daw Nan Khan Aye

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွှက်